# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် နတ်တော်လဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 30 November 2016 (၈၇၆၁)


**မကောင်းမှုဟူသမျှ ကင်းဝေး**

တရားတည်းဟူသော ပီတိအရသာကို သောက်သုံးရသူသည် ဆိတ်ငြိမ်ရာသို့ ကပ်၍ရသော တရားအရသာကိုလည်းကောင်း၊ ကိလေသာအပူငြိမ်းရာ နိဗ္ဗာန်၏ အရသာကိုလည်းကောင်း သောက်ရသောကြောင့် ပူပန်မှုဟူသမျှမှ ကင်းကုန်၏။ မကောင်းမှုဟူသမျှမှလည်း ကင်းဝေးရ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၅)

# လူသားနှင့် သယံဇာတအရင်းအမြစ်ပေါ်များသည့် မြန်မာနိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲမှုများအတွက် အလားအလာကောင်းများရှိနေ

# အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးမှုကို မြှင့်တင်နိုင်ရန် ကဏ္ဍအလိုက် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေး






**ပဉ္စမအကြိမ် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော် မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၉

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအသင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ပဉ္စမအကြိမ် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်မိန့်ခွန်းပြောကြားသည်။**


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✫


# နိုင်ငံတကာဖွံ့ဖြိုးမှုအကူအညီများကို ပြည်သူများအတွက် အကျိုးအရှိဆုံးဖြစ်စေရန် ဖွံ့ဖြိုးမှုမိတ်ဖက်များအားလုံးနှင့် အတူတကွ လက်တွဲဆောင်ရွက်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့၏ ပထမဆုံးအကြိမ် အစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သဘာပတိအဖြစ်ဆောင်ရွက်သည်။

အစည်းအဝေးသို့ ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ အဖွဲ့ဝင်များဖြစ်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်း အမှုဆောင်ဒါရိုက်တာ ဦးမင်းရဲပိုင်ဟိန်း၊ ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်နှင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံမှ ရရှိနေသည့် နိုင်ငံတကာဖွံ့ဖြိုးမှုအကူအညီများကို ပြည်သူများအတွက် အကျိုးအရှိဆုံးဖြစ်စေရန် ဖွံ့ဖြိုးမှုမိတ်ဖက်များ (Partners in Development) အားလုံးနှင့် အတူတကွ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းအတွက် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ Development Assistance Coordination Unit (DACU) ကို ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊

DACU အနေဖြင့် မြန်မာနိုင်ငံမှထပ်မံရရှိလာမည့် ဖွံ့ဖြိုးမှုအကူအညီများကို ပိုမိုထိရောက်မှုရှိစေရန်၊ ညှိနှိုင်းပေါင်းစပ်မှုအားကောင်းလာစေရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး DACU ၏ လုပ်ဆောင်ချက်ကို နိုင်ငံတကာမှ လက်ခံထားသည့် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပထမအချက်အနေဖြင့် မြန်မာနိုင်ငံသည် အိမ်ရှင်နိုင်ငံအဖြစ် ပိုင်ဆိုင်မှု (Ownership)၊ ခေါင်းဆောင်မှုနှင့် လမ်းညွှန်မှုတို့ဖြင့် ဖွံ့ဖြိုးမှုအကူအညီ ညှိနှိုင်းရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပြီး ဒုတိယအချက်အနေဖြင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ပံ့ပိုးကူညီမှုကို မြန်မာနိုင်ငံ၏ဖွံ့ဖြိုးမှုဦးစားပေးလုပ်ငန်းများ၊ မူဝါဒများနှင့်ကိုက်ညီစေရေးအတွက် ပွင့်လင်းမြင်သာစွာ လုပ်ဆောင်စေမည်ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် မြန်မာအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များသည် သိသာထင်ရှားသည့် ဖွံ့ဖြိုးမှုရလဒ်များရရှိရေးအတွက် မြန်မာပြည်သူများနှင့်


**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳



KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

## ပြည်တွင်းရေးရာ

☆ **ရှေ့ဖုံးမှ**

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဒေါက်တာ အောင်သူ၊ ဦးဖေဇင်ထွန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတကာသံရုံးများမှသံအမတ်ကြီးများ၊ အစိမ်းရောင်စီးပွားရေး အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုအသင်း (မြန်မာ)မှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ကမ္ဘာနှင့်တစ်ဝန်းတွင် ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှု တိုးပွားလာခြင်း၏ ဆိုးကျိုးများ၊ ဂေဟစနစ် လျင်မြန်စွာ ယိုယွင်းပျက်စီးနေမှုများ၊ သစ်တောပြုန်းတီးမှုများ၊ မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ်နှင့် တောရိုင်းတိရစ္ဆာန်ဆုံးရှုံးမှုများ၊ လေထု၊ သမုဒ္ဒရာ၊ မြစ်ချောင်း၊ ရေကန်၊ မြေထုညစ်ညမ်းမှုများနှင့် ကူးစက်ရောဂါများ တစ်နေရာမှ တစ်နေရာသို့ ရောက်ရှိပျံ့နှံ့နေမှုစသည့် ဖြေရှင်းရန်ခက်ခဲလှသည့် ပြဿနာများကို မြန်မာနိုင်ငံအနေဖြင့်လည်း ကြုံတွေ့ခံစားနေရပါကြောင်း။

မိမိတို့အားလုံးကို ထိခိုက်မှုများဖြစ်စေသော ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ယိုယွင်းပျက်စီးမှုများ၊ ရာသီဥတုပြောင်းလဲမှုများကို တုံ့ပြန်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးပါကြောင်း။

### သဘောတူညီချက်များ

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ခံနိုင်ရည်ပြည့်ဝစေရေး၊ တန်းတူညီမျှမှုရှိစေရေးနှင့် အလုံးစုံပါဝင်သည့် အနာဂတ်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ဖွံ့ဖြိုးတိုးတက်မှု၊ သယံဇာတအရင်းအမြစ်၊ သဘာဝပတ်ဝန်းကျင်၊ စွမ်းအင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များ၏ ဖြေရှင်းရခက်သည့် ဆက်စပ်နေမှုများကို တုံ့ပြန်ဖြေရှင်းနိုင်ရန်အတွက် အရေးတကြီး လိုအပ်သည့်မူဝါဒများ၊ မဟာဗျူဟာများနှင့် လက်တွေ့ဆောင်ရွက်မှုများကို ပေါင်းစပ်ဆောင်ရွက်နိုင်ရန် အထောက်အကူဖြစ်စေသည့် သဘောတူညီချက်များကို ကုလသမဂ္ဂညီလာခံများတွင် ချမှတ်ပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီမှုဖြစ်သည့် ၂၀၁၅ ခုနှစ် ပါရီသဘောတူညီချက်၊ ကုလသမဂ္ဂ၏ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ၊ ဟိုက်ဒရိုဖလူရိုကာဗွန် (HFC) ထုတ်လုပ်မှုနှင့် သုံးစွဲမှုလျှော့ချရပ်ဆိုင်းရေးစသည့် လတ်တလောချမှတ်ဆောင်ရွက်ခဲ့သည့် နိုင်ငံတကာကြိုးပမ်းမှုများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့အားလုံးနှင့် နောင်လာနောက်သားများအပေါ် အမှန်တကယ် ဆိုးကျိုးဖြစ်ပေါ်စေမည့် ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုများကို တုံ့ပြန်ဆောင်ရွက်ရန်အတွက် အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းတွင် အလေးအနက်ထား ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့အနေဖြင့် ဆင်းရဲမှုလျှော့ချရန်နှင့် ငတ်မွတ်ခေါင်းပါးမှုကို တားဆီးရန်၊ ကလေးသူငယ်များ အာဟာရချို့တဲ့မှုနှင့် ဖွံ့ဖြိုးမှုနိမ့်ကျနေမှု ပပျောက်စေရန်၊ ဘေးကင်းလုံခြုံပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားစေရန်၊ အရည်အသွေးပြည့်မီသည့် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပံ့ပိုးပေးရန်၊ သဘာဝဘေးအန္တရာယ်များနှင့်အခြားသော ဦးစားပေးကိစ္စရပ်များကို လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရန်လိုအပ်ပါကြောင်း၊ ယင်းတို့ကို မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများနည်းတူ ရင်ဆိုင်ကြုံတွေ့နေပြီး အတူတကွဖြေရှင်းဆောင်ရွက်ရမည့် ဦးစားပေးကိစ္စရပ်များဖြစ်ပါကြောင်း။

### ရှောင်ရှားရမည်

မိမိတို့အနေဖြင့် ယင်းစိန်ခေါ်မှုများကို တုံ့ပြန်နိုင်ရန်အတွက် မိမိတို့၏ အမျိုးသားစွမ်းဆောင်ရည်များကို မြှင့်တင်တည်ဆောက်သွားရမည် ဖြစ်ပါကြောင်း၊ မိမိတို့သည် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထူးခြားသောပြောင်းလဲမှုကို ဦးတည်စေသည့် လမ်းကြောင်းနှင့် ပေါင်းစည်းဆောင်ရွက်သွားရမည့် အခွင့်အလမ်းများကို ဖော်ထုတ်သတ်မှတ်ပြီး ရရှိသည့်အခွင့်အလမ်းများအပေါ် မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်သည့် နေရာတွင်လည်း စရိတ်ကုန်ကျမှုများပြားပြီး ရေရှည်တည်တံ့နိုင်မှု မရှိသည့်၊ ပြည့်စုံမှုမရှိသည့် မူဝါဒများနှင့် စီမံကိန်းများကို ရှောင်ရှားရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများ တွေ့ကြုံခဲ့ရသည့် သင်ခန်းစာများမှ အကျိုးကျေးဇူးများ အသေအချာရရှိနိုင်မည်ဖြစ်ပါကြောင်း၊ လူသားနှင့် သဘာဝသယံဇာတ အရင်းအမြစ်ပေါ်များသည့် ဖွံ့ဖြိုးစနိုင်ငံတစ်နိုင်ငံအနေဖြင့် ရေရှည်တည်တံ့သည့်၊ ခံနိုင်ရည်ရှိသည့်၊ စနစ်ကျသည့်၊ အလုံးစုံပါဝင်သည့်၊ ညီညွတ်မျှတသည့် ပြုပြင်ပြောင်းလဲမှုများအတွက် အလားအလာကောင်းများရှိနေပါကြောင်း၊ ထိုအချက်များသည် မိမိတို့ရရှိနိုင်ရန် ရည်မှန်းထားသည့် ဆွေစဉ်မျိုးဆက်ဆိုင်ရာ အခွင့်အလမ်းတစ်ရပ် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ ရရှိစေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒနှင့် ပင်မလုပ်ငန်းစဉ်၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်၊ အစိမ်းရောင်စီးပွားရေးဆိုင်ရာ မူဘောင်နှင့် စွန့်ပစ်ပစ္စည်းစီမံမှုဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိအနေဖြင့် နိုင်ငံတော်၏ ရှေ့ဆက်ဆောင်ရွက်မည့် အစိမ်းရောင်စီးပွားရေး ကူးပြောင်းဆောင်ရွက်မှု နည်းလမ်းများအနေဖြင့် စွမ်းအင်အသစ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အချိန်ကာလသတ်မှတ်ချက်နှင့်အတူ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုရေးအတွက် ရည်မှန်းချက်ပန်းတိုင်များချမှတ်ခြင်း၊ စွမ်းအင်၊ ရေ၊ မြေနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းခြင်းနှင့် အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် တိုးမြှင့်ဆောင်ရွက်ခြင်း၊ စားသုံးမှုနှင့် ထုတ်လုပ်မှုပုံစံဆိုင်ရာ အပြုအမူနှင့် အလေ့အကျင့်ကောင်းများ ပြောင်းလဲခြင်း၊ စွန့်ပစ်ပစ္စည်းကို အရင်းအမြစ်တစ်ခုအဖြစ် အလေးထားစဉ်းစားရမည့် အခြေခံသဘောတရားများ ပြောင်းလဲခြင်း၊ ဆန်းသစ်တီထွင်ဖန်တီးမှုများကို အထောက်အပံ့ဖြစ်စေမည့် စီပွားရေးဆိုင်ရာမက်လုံးပေးမှုများနှင့် ဘဏ္ဍာရေးဆိုင်ရာ ယန္တရားများဖန်တီးခြင်းနှင့် အခွင့်အလမ်းများ ပေါ်ထွက်လာစေရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ပညာရေးမြှင့်တင်ခြင်းတို့ကို ဖော်ညွှန်းလိုပါကြောင်း။

### အထောက်အကူဖြစ်စေ

ဖိုရမ်အစီအစဉ်တွင် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးမှုကို မြှင့်တင်နိုင်ရန် မူဝါဒများ၊ မဟာဗျူဟာများ၊ ဘဏ္ဍာရေးကိစ္စများ၊ နည်းပညာများ၊ အကောင်းဆုံးစီမံခန့်ခွဲမှုများ၊ ပညာရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးသွားမည်ဟု သိရပါကြောင်း၊ ခေါင်းစဉ်များသည် ကဏ္ဍအလိုက် သင့်လျော်သည့်အဆိုပြုမှုများ၊ အသိပညာပိုင်းဆိုင်ရာများနှင့် ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ရန်အတွက် ပြည့်စုံသည့် အစီအစဉ်တစ်ရပ်အနေဖြင့် အထောက်အကူ ဖြစ်စေပါကြောင်း။

ဖိုရမ်မှထွက်ပေါ်လာမည့် ဆွေးနွေးညှိနှိုင်းမှုရလဒ်များသည် ပြည်သူအားလုံး၏ အကျိုးစီးပွားအတွက် မြန်မာနိုင်ငံတွင် အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးမှုကို အလေးထားဆောင်ရွက်နိုင်ရန် အသုံးဝင်သည့် အကြံဉာဏ်များ၊ ထည့်သွင်းဆောင်ရွက်ရမည့် အချက်အလက်များ ပံ့ပိုးပေးနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်းပြောကြားသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်နှစ်ခုဖြစ်သည့် ရာသီဥတုပြောင်းလဲမှုနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်မြဲစေရန်နှင့် အထောက်အကူ ဖြစ်စေရန်အတွက် အစိမ်းရောင်စီးပွားရေးဆိုင်ရာ ချဉ်းကပ်မှုနှင့် အစိမ်းရောင်စီးပွားရေး မူဝါဒမူဘောင် ရေးဆွဲရန်ဆုံးဖြတ်ခဲ့ပါကြောင်း။

### ရေရှည်တည်တံ့အောင်

မြန်မာနိုင်ငံသည် ရေရှည်ဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက သူမတူသည့် အခွင့်အလမ်းများရှိပါကြောင်း၊ အစိမ်းရောင် စီးပွားရေးလမ်းစဉ်ကို လျှောက်လှမ်းရန် စတင်ရမည့်အချိန်သည် ယခုအချိန်ပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ခံစားရအလွယ်ဆုံးသော နိုင်ငံများအနက် တစ်ခုအပါအဝင်ဖြစ်သည့်အတွက် နိုင်ငံသားများ၊ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုကို ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် နိုင်ငံ၏ သဘာဝအရင်းအမြစ်များကို ရေရှည်တည်တံ့အောင် စီမံခန့်ခွဲရန် အလွန်ပင်အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအသင်း အဖွဲ့ဝင် ဦးတင်ဝင်းအောင်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Vikram Misri၊ နော်ဝေသံအမတ်ကြီး Mr. Tone Tinnes နှင့် Global Environmental Action မှ Director General ဖြစ်သူ Madam Wakako Hironaka တို့က နှုတ်ခွန်းဆက်စကားများပြောကြားကြပြီး အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေး အသင်းတည်ထောင်သူ ပါမောက္ခ ဦးနေထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### အထောက်အကူပြုနိုင်မည်

နံနက်၁၀နာရီခွဲတွင် ပဉ္စမအကြိမ် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ပြည်တွင်းပြည်ပမှ ဆွေးနွေးသူ ၈၀ ကျော် တက်ရောက်ဆွေးနွေးခဲ့ကြောင်းနှင့် ယခုဖိုရမ်သည် စဉ်ဆက်မပြတ်ရှိစေမှုနှင့် ပြန်လည်ဖွံ့ဖြိုးလာစေရန် အားလုံးပူးပေါင်းပါဝင် ချဉ်းကပ်လုပ်ဆောင်မှုအတွက် လမ်းကြောင်းဖော်ဆောင်ပေးနိုင်မည့်အပြင် စားပွဲဝိုင်းဆွေးနွေးပွဲများ၊ စုပေါင်းတင်ပြချက်များသည် မူဝါဒများ၊ မဟာဗျူဟာများ၊ ကောင်းမွန်သော စီမံခန့်ခွဲမှုများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ သိပ္ပံနှင့် နည်းပညာများအတွက် အကျယ်တဝင့်ရေးသားချက်များကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ယခုဖိုရမ်ကို အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ "လက်ရှိကာလ၏ အရေးတကြီးလိုအပ်မှုနဲ့ စံနမူနာပြောင်းလဲမှုအတွက် ဘယ်လိုဆောင်ရွက်မလဲ"(Greening of Economic Growth, Challenges and opportunities-The Urgency of Now and How for Transformational Paradigm Change)ဆိုသည့်ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး လတ်တလောဦးတည်နေသည့် အလားအလာများကို ပြောင်းလဲပြီး ကြုံတွေ့ရမည့်စိန်ခေါ်မှုများနှင့် ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် လိုအပ်သည့် ဆောင်ရွက်မှုများကို ခြုံငုံမိစေရန် ရည်ရွယ်ခြင်းဖြစ်သည့်အတွက် အရေးပါပြီး အချိန်ကိုက်ဖြစ်နေကြောင်း သိရသည်။

ပဉ္စမအကြိမ် အစိမ်းရောင်စီးပွားရေးအစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ နိုဝင်ဘာ ၃၀ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မော်စီ (သတင်းစဉ်)**

---

## အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ထူးအား တီမောလက်စ်တေ သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ပူးတွဲခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်ထူးအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

---

## ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးထင်လင်းအား ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးထင်လင်းအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

---

## အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဦးမြင့်လွင်အား တူရကီသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်ပူးတွဲခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးမြင့်လွင်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင်တူရကီသမ္မတနိုင်ငံဆိုင်ရာအထူးအာဏာကုန် လွှဲအပ်ခြင်းခံရသောပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

---

✻ **မြန်မာနိုင်ငံမှ**

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် စာရင်းအင်းအချက်အလက်များ အရည်အသွေးပြည့်ဝမှန်ကန်စေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းအင်း အချက်အလက်များမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီများ၌ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်စီးပွားရေးဝန်ကြီးများကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးဖွဲ့စည်းခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများနှင့် ဌာနအဖွဲ့အစည်းများ၏ ခိုင်မာမှန်ကန်သည့် ကိန်းဂဏန်းစာရင်းအင်း အချက်အလက်များကို စုစည်းပြီး စိစစ်သုံးသပ်အကဲဖြတ်မှုများပြုလုပ်မှသာ စီးပွားရေး၊ လူမှုရေးနှင့် သက်ဆိုင်သည့် မူဝါဒများနှင့် ဆုံးဖြတ်ချက်များ မှန်ကန်စွာ ချမှတ်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားစာရင်းစနစ်သည် မူဝါဒဆုံးဖြတ်ချက်ချမှတ်သူများ၊ လူမှုအဖွဲ့အစည်းများ၊ စီမံကိန်းရေးဆွဲသူများ၊ ပုဂ္ဂလိကကဏ္ဍနှင့် အခြားစာရင်းအင်းသုံးစွဲသူများအတွက်သာမက နိုင်ငံတကာ၏ ယုံကြည်စိတ်ချရသည့် စာရင်းအင်းအဖြစ် အသိအမှတ်ပြုနိုင်သည့် အနေအထားတစ်ရပ်အဖြစ်ရောက်ရှိရန် ရည်မှန်းချက်ထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးအတွက် ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်း အသေးစိတ်ဆွေးနွေးကြစေလိုကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ထို့နောက် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက လိုအပ်သည့်မူဝါဒများ မှန်ကန်စွာချမှတ်နိုင်ရေးအတွက် အခြေခံရမည့်စာရင်းအင်းအချက်အလက် မှန်ကန်ညီညွတ်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က စာရင်းအင်းအချက်အလက်များမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဝန်ကြီးများနှင့် စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းအဖွဲ့ဝင်များက စာရင်းအင်းအချက်အလက်မှန်ကန်စွာကောက်ယူရေးဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကော်မတီနာယက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးသည်။ **(သတင်းစဉ်)**

# ဘရာဇီးဘောလုံးအားကစားသမားများ လိုက်ပါစီးနင်းလာသော လေယာဉ်ပျက်ကျ

**ဘိုဂိုတာ (ကိုလံဘီယာ) နိုဝင်ဘာ ၂၉**

ဘရာဇီး ဘောလုံးအားကစားသမားများ အပါအဝင် လူပေါင်း ၈၁ ဦးခန့် တင်ဆောင်လာသော BAe 146 လေယာဉ်သည် နိုဝင်ဘာ ၂၈ ရက် ညပိုင်းက ကိုလံဘီယာနိုင်ငံအတွင်း၌ ပျက်ကျခဲ့ရာ လိုက်ပါစီးနင်းလာသူများအနက် ၁၀ ဦးသာ အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ကြောင်း ဒေသန္တရဆိုင်ရာ လေကြောင်းအာဏာပိုင်များက ဆိုသည်။

နိုဝင်ဘာ ၂၈ ရက်ညပိုင်းတွင် မီဒယ်လ်လင်မြို့အနီး၌ လေယာဉ်တစ်စင်း အရေးပေါ်အခြေအနေကြုံနေရကြောင်း အဆိုပါလေယာဉ်မှ အကူအညီတောင်းခံခဲ့သည်ဟု လေကြောင်းအာဏာပိုင်များက ဆိုသည်။ အဆိုပါလေယာဉ်သည် တောင်အာဖရိကဒေသတွင်း ပွဲစဉ်တစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ဘိုလီဗီးယားမှ ကိုလံဘီယာနိုင်ငံသို့ ပျံသန်းနေစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။ ပျက်ကျပြီးနောက် လေယာဉ်သည် ခေါင်းပိုင်းနှင့် တောင်ပံများ ကျိုးပြတ်သွားကာ အမြီးပိုင်းတစ်ခုလုံး မီးလောင်ပျက်စီးသွားခဲ့သည်။

အလန် လူစီယာနို ရူချယ်၊ မာကိုစ် ဒါနီလိုပါဒီလ်ဟာနှင့် ဂျက်ဆင် ရဂ်ျနာ ဖိုးမန်းတို့သည် အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့သူများစာရင်းတွင် ပါဝင်ကြောင်း ကိုလံဘီယာဘေးအန္တရာယ်စီမံခန့်ခွဲရေး အေဂျင်စီ၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

လေယာဉ်တွင် ဘရာဇီးဘောလုံးအသင်းသားများ အပါအဝင် ခရီးသည် ၇၂ ဦးနှင့် လေယာဉ်မောင်းသူ အဖွဲ့ဝင်ကိုးဦးတို့ လိုက်ပါစီးနင်းခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**







# ရာထူးမှ နုတ်ထွက်ပေးနိုင်မည့် နည်းလမ်းရှာဖွေရန် သမ္မတ ပတ်ဂွန်ဟေးက ပါလီမန်အား တိုက်တွန်း

**ဆိုးလ် နိုဝင်ဘာ ၂၉**

တောင်ကိုရီးယားနိုင်ငံ၌ ရာထူးအရှိန်အဝါ အလွဲသုံးမှုကို အကြောင်းပြု၍ ဖြစ်ပေါ်လျက်ရှိသော နိုင်ငံရေးအရှုပ်တော်ပုံနှင့် ရင်ဆိုင်နေရသည့် သမ္မတ ပတ်ဂွန်ဟေးသည် ၎င်းရာထူးမှ နုတ်ထွက်ပေးရေးကိစ္စနှင့်ပတ်သက်၍ ပါလီမန်အား ကမ်းလှမ်းပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

မိမိအနေဖြင့် သမ္မတရာထူးအာဏာအား မည်သို့မည်ပုံနှင့် မည်သည့်အချိန်တွင် စွန့်လွှတ်ရမည်ကို ပါလီမန်က ဆုံးဖြတ်ပေးပါရန် သမ္မတ ပတ်က ပြောကြားခဲ့သည်။

သို့ရာတွင် သမ္မတ ပတ်၏ ကမ်းလှမ်းချက်ကို အဓိကအတိုက်အခံပါတီဖြစ်သော ဒီမိုကရက်တစ်ပါတီက ပယ်ချခဲ့သည်။ သမ္မတပတ်သည် ပါလီမန်၌ ခုံရုံးဖွဲ့စစ်ဆေးခံရခြင်းမှ ရှောင်လွှဲနိုင်ရန် ယင်းသို့ ကမ်းလှမ်းခြင်းသာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် သမ္မတအား ပါလီမန်၌ စွဲချက်တင်ကာ ကြားနာစစ်ဆေးမှု ပြုလုပ်နိုင်ရေးအတွက် အဆိုတင်သွင်းနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒီမိုကရက်တစ်ပါတီက ပြောကြားသည်။


တောင်ကိုရီးယားနိုင်ငံ၌ ၁၉၈၇ ခုနှစ် နောက်ပိုင်း သမ္မတ တစ်ဦးအနေဖြင့် ငါးနှစ်သက်တမ်းရှိ ရာထူးသက်တမ်းကို အပြည့်အဝ တာဝန်ထမ်းဆောင်နိုင်မှုမရှိဘဲ ရာထူးမှ နုတ်ထွက်သွားခဲ့ရသည့်ဖြစ်ရပ်မျိုး ပေါ်ပေါက်ခဲ့ခြင်း မရှိပေ။

မိမိ၏ အနာဂတ်ရေးနှင့်ပတ်သက်၍ အကြောင်းခြင်းရာ မှန်သမျှကို ပါလီမန်ကသာ အဆုံးအဖြတ်ပေးစေလိုကြောင်း၊ ရာထူးသက်တမ်းမစေ့မီ ရာထူးမှ ဆင်းပေးရန် သင့်၊ မသင့် ပါလီမန်က ဆုံးဖြတ်မှုကို ခံယူလိုကြောင်း သမ္မတပတ်က ပြောကြားသည်။

ထိုစဉ်အတွင်း သမ္မတ ပတ်ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုသည့် လူထုဆန္ဒပြပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

**ရိုက်တာ။**





# ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မည်ဟု တရုတ်သမ္မတ ရှီကျင့်ဖျင် သန္နိဋ္ဌာန်ပြု

**ပေကျင်း နိုဝင်ဘာ ၂၉**

တရုတ်နိုင်ငံသည် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ပြုလုပ်သွားမည့်အပြင် ကမ္ဘာ့အဖွဲ့အစည်းကြီး၏ လုပ်ငန်းများကိုလည်း အခိုင်အမာအားပေးထောက်ခံသွားမည်ဖြစ်ကြောင်း သမ္မတ ရှီကျင့်ဖျင်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးနေရာအတွက် ရွေးချယ်ခန့်အပ်ခံထားရသူ အန်တိုနီယိုဂူတာရီအား သန္နိဋ္ဌာန်ပြုပြောကြားလိုက်သည်။

သမ္မတရှီနှင့် ဂူတာရီတို့သည် နိုဝင်ဘာ ၂၈ ရက်က မြို့တော်ပေကျင်း၌ တွေ့ဆုံဆွေးနွေးကြရာတွင် တရုတ်ခေါင်းဆောင်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ကမ္ဘာကြီးရင်ဆိုင်နေရသော စိန်ခေါ်မှုများအား အလေးအနက်ပြုအာရုံစိုက် ဖြေရှင်းပေးနေသည့် ကုလသမဂ္ဂအဖွဲ့ကြီး၏ အခန်းကဏ္ဍကို အခြားမည်သည့်အရာကမျှ အစားထိုးနိုင်မည်မဟုတ်ကြောင်း၊ တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်နေသည့် အဖွဲ့အစည်းကြီးအဖြစ် ရပ်တည်ကာ နိုင်ငံတကာအခြေအနေနှင့်အညီ ပိုမိုလုပ်ကိုင်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း သမ္မတရှီက ပြောကြားသည်။

**ဆင်ဟွာ။**

# ဆန္ဒပြပွဲအားစောင့်ကြည့်ရန် ဂျကာတာမြို့တော်တစ်ဝန်း လုံခြုံရေးတပ်ဖွဲ့ဝင် ၂၂၀၀၀ ခန့် အင်ဒိုနီးရှားဖြန့်ကြက်မည်

**ဂျကာတာ နိုဝင်ဘာ ၂၉**

လာမည့် ကြီးမားသော ဆန္ဒပြပွဲတစ်ခုအတွင်း အင်ဒိုနီးရှားအာဏာပိုင်များက မြို့တော်တစ်ဝန်း လုံခြုံရေးတပ်ဖွဲ့ဝင် ၂၂၀၀၀ ခန့်ဖြန့်ကြက်သွားမည်ဖြစ်သည်။

မြောက်မြားလှစွာသော မူဆလင်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ စီစဉ်သည့် အဆိုပါဆန္ဒပြပွဲကို လာမည့် ဒီဇင်ဘာ ၁ ရက်တွင် ပြုလုပ်ရန် ရက်သတ်မှတ်ထားကြောင်း အကြီးတန်းရဲအရာရှိတစ်ဦးက ယနေ့ ပြောကြားသည်။ အထူးတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့တို့အား အရေးပါသော နိုင်ငံတော်ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ပေးအပ်မည်ဟု အမျိုးသားရဲတပ်ဖွဲ့ဌာနချုပ်ပြောရေးဆိုခွင့်ရှိသူ ဘွိုင်းရက်ဖလိုင်းအေမာက ပြောကြားသည်။ “ဆန္ဒပြပွဲကို ပြည်သူ ၂၂၀၀၀ ကျော် ပူးပေါင်းမယ်လို့ ကျွန်တော်တို့ ခန့်မှန်းပါတယ်။”ဟု အေမာကပြောကြားသည်။

လာမည့်ဆန္ဒပြပွဲမှာ စက်တင်ဘာလအတွင်းက ဘာသာရေးဆိုင်ရာ မှတ်ချက်စကားများနှင့်ပတ်သက်၍ ဂျကာတာအုပ်ချုပ်ရေးမှူး ဘာဆူကီဂျဟာဂျာပူနားမားအား ဖမ်းဆီးထိန်းသိမ်းရန် ဥပဒေစိုးမိုးရေးအရာရှိများသို့ တောင်းဆိုမှုများ ဖော်ပြရန် ရည်ရွယ်သည်။ ဘာဆူကီအားကန့်ကွက်ရန် ယခုလအတွင်း ကြီးမားသော ဆန္ဒပြမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။

နောက်ဆုံးအကြိမ် ဆန္ဒပြမှုကို နိုဝင်ဘာ ၄ ရက်က ပြုလုပ်ခဲ့ပြီး လူတစ်ဦးသေဆုံးကာ ဒါဇင်ပေါင်းများစွာဒဏ်ရာရရှိပြီး ရဲထရပ်ကား သုံးစီးကို မီးရှို့ပစ်ခဲ့သည်။ အပြစ်ရှိကြောင်းတွေ့ရှိပါက ထောင်ဒဏ်ခြောက်နှစ်အထိ ကျစေနိုင်သော ဘုရားသခင်အား စော်ကားသည့် ပြောဆိုမှုအတွင်း ဘာဆူကီအား သံသယရှိသူတစ်ဦးအဖြစ် သတ်မှတ်ခဲ့သည်။

**ဆင်ဟွာ။**

# အိုဟိုင်းယိုးပြည်နယ် တက္ကသိုလ်တွင် ဆိုမာလီနွယ်ဖွား ကျောင်းသားတစ်ဦး ဓားဖြင့်တိုက်ခိုက်၍ ၁၁ ဦး ဒဏ်ရာရ

**ဝါရှင်တန် နိုဝင်ဘာ ၂၉**

အကြမ်းဖက်တိုက်ခိုက်သူတစ်ဦးဟု သံသယရှိသူတစ်ဦးသည် ရဲတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားကြောင်း၊ ၎င်းသည် အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုးပြည်နယ် တက္ကသိုလ် (အိုအက်စ်ယူ) ပရဝဏ်အတွင်း ခြေကျင်လမ်းလျှောက်နေသည့် လူအုပ်စုအတွင်းသို့ ၎င်း၏ မော်တော်ယာဉ်အား ဦးတည်မောင်းနှင် ဝင်ရောက်လာခဲ့ပြီး ကားပေါ်မှဆင်းကာ သားလှီးဓားတစ်ချောင်းဖြင့် ရန်ပြုတိုက်ခိုက်ခဲ့ရာ လူ ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းမှာလည်း ရဲတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ထိခိုက်ဒဏ်ရာရသူများကို ဆေးရုံသို့ တင်ပို့ကုသပေးခဲ့ပြီး ၎င်းတို့အများစုမှာ စိုးရိမ်စရာအခြေအနေမရှိကြောင်း သတင်းတွင် ဖော်ပြသည်။

တက္ကသိုလ်ပရဝဏ်အတွင်း လမ်းလျှောက်သွားလာနေသည့် လူအုပ်အတွင်းသို့ သံသယမကင်းဖွယ်ရာ ကားတစ်စီးမောင်းဝင်လာပြီး ယာဉ်မောင်းသူသည် ကားပေါ်မှဆင်းကာ သားလှီးဓားတစ်ချောင်းဖြင့် လမ်းသွားလမ်းလာများအား စတင်တိုက်ခိုက်ခဲ့သည်ဟု ရဲတပ်ဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြသည်။

အစပထမပိုင်းတွင် ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည်ဟု ထင်မြင်ခဲ့သော်လည်း ယာဉ်မောင်းသည် ဓားတစ်ချောင်းကို လက်ဝယ်ကိုင်ဆောင်ကာ ဆင်းသက်လာသည်ကို တွေ့မြင်ရကြောင်း ယင်းဖြစ်ရပ်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော အိုဟိုင်းယိုးတက္ကသိုလ်မှ ကျောင်းသားများက ပြောကြားကြသည်။

အကြမ်းဖက်တိုက်ခိုက်သူအား အခင်းဖြစ်နေရာအနီးတွင် ရောက်ရှိနေသည့် တက္ကသိုလ်ရဲတပ်ဖွဲ့မှ အရာရှိအလန်ဟောရက်ချ်ကိုက တစ်မိနစ်အတွင်း ပစ်ခတ်လိုက်၍ ၎င်းမှာ သေဆုံးသွားကြောင်း၊ ယင်းရဲအရာရှိမှာ အခင်းမဖြစ်မီ အစောပိုင်းက ဓာတ်ငွေ့ပိုက်လိုင်း ယိုစိမ့်နေသည်ဟူသော သတင်းပို့မှုအရ အဆိုပါနေရာအနီးသို့ ရောက်ရှိနေခဲ့ခြင်းဖြစ်ကြောင်း အိုဟိုင်းယိုးတက္ကသိုလ်ရဲတပ်ဖွဲ့အကြီးအကဲ ကရစ်ချ်စတုန်းက ပြောကြားသည်။

ပြစ်မှုကျူးလွန်သည့် အကြမ်းဖက်တိုက်ခိုက်သူမှာ ဆိုမာလီနိုင်ငံဖွား အမေရိကန်ပြည်ထောင်စုတွင် တရားဝင်နေထိုင်ခွင့်ရသူ အဗ္ဗဒယ်လ်အက်တန်ဆိုသူဖြစ်ကြောင်းနှင့် ယင်းတက္ကသိုလ်မှ ကျောင်းသားတစ်ဦးဖြစ်ကြောင်း အိုဟိုင်းယိုးတက္ကသိုလ် ပြည်သူ့လုံခြုံရေးဌာန ညွှန်ကြားရေးမှူး မိုနီကာမိုလ်က ပြောကြားသည်။

**ဆင်ဟွာ။**

# အရက်ချက်စက်ရုံများအား စံချိန်စံညွှန်းနှင့်အညီ ရေဆိုးစွန့်ပစ်ခြင်းမရှိဘဲ လည်ပတ်နေကြောင်းစိစစ်တွေ့ရှိရပါက လိုင်စင်ရုပ်ဆိုင်းသွားမည်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းက ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ၌ ဖြစ်ပွားနေသော KIA၊ MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့တို့၏ ပစ်ခတ်တိုက်ခိုက်မှု၊ ဗုံးခွဲမှုများနှင့်ပတ်သက်သည့် အရေးကြီးအဆိုတစ်ရပ်ကို တင်သွင်းဆွေးနွေးသည်။ ဒေါက်တာမောင်သင်းက ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ နမ္မတူနှင့် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တို့တွင် KIA၊ MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့တို့မှ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်မှု၊ မိုင်းထောင်မှု၊ ဖျက်ဆီးမှု၊ ဗုံးခွဲမှုများကြောင့် အပြစ်မဲ့ပြည်သူများ သေကြေခြင်း၊ ဒဏ်ရာရခြင်း၊ အိုးအိမ်စွန့်ခွာ စစ်ပြေးဒုက္ခသည် ဘဝရောက်ခြင်းနှင့် နိုင်ငံတော်၏ အချုပ်အခြာတည်တံ့ခိုင်မြဲမှု၊ တရားဥပဒေစိုးမိုးမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ထိခိုက်စေခြင်းတို့ကို လွှတ်တော်က စိုးရိမ်ကြောင်း အရေးကြီးအဆိုကို တင်သွင်းခဲ့ခြင်းဖြစ်ပြီး ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆိုရှင် ဒေါက်တာမောင်သင်းက ယင်းတိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးခြင်း၊ ဒဏ်ရာရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ ဆက်ကြေးတောင်းခံရခြင်း၊ အိုးအိမ်စွန့်ခွာ၍ စစ်ရှောင်ဘဝရောက်ရခြင်း၊ စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ပျက်စီးခြင်း စသည့်ဒုက္ခများကို ခံစားနေရကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း အချုပ်အခြာအာဏာတည်တံ့မှုကို ထိပါးခံရပြီး တရားဥပဒေစိုးမိုးမှုကို ထိခိုက်လာနေကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားလာပြီး နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ရပ်ဆိုင်းသွားကာ အခွန်ထမ်းနိုင်ငံသားများ၏ စီးပွားရေးလုပ်ငန်းများလည်း ပျက်စီးသွားသည်ကို တွေ့ရကြောင်း။

အထူးသဖြင့် ပြည်ထောင်စုအစိုးရက အစဉ်တစိုက်ကြိုးပမ်းခဲ့သည့် အမျိုးသားရင်ကြားစေ့ရေးကို အကောင်အထည်ဖော်သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံလုပ်ငန်းစဉ်များ၏အရှိန်ကို နှောင့်နှေးစေမှုများဖြစ်ပေါ်လာမည်ကို စိုးရိမ်မိပါကြောင်း အဆိုတင်သွင်းစဉ် ဆွေးနွေးတင်ပြခဲ့သည်။

အဆိုနှင့်စပ်လျဉ်းပြီး သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုးက KIA၊ MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့၏တိုက်ခိုက်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ပျက်ယွင်းအောင် လုပ်ဆောင်နေခြင်းဖြစ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆန့်ကျင်နေကြောင်း၊ အဆိုပါပူးပေါင်းအဖွဲ့ပစ်ခတ်မှုကြောင့် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသတွင် နေထိုင်ကြသော အပြစ်မဲ့ပြည်သူများ သေကြေ၊ ထိခိုက်ဒဏ်ရာရကြပြီး အိုးပစ်အိမ်ပစ် စစ်ပြေးဒုက္ခသည်ဘဝရောက်ရှိနေကြောင်း၊ လမ်းပိတ်ဆို့ခြင်း၊ တံတားများ ဖျက်ဆီးနေခြင်းသည် ကုန်စည်ကူးသန်းမှုကို ရပ်ဆိုင်းသွားအောင်ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း ထောက်ခံဆွေးနွေးသည်။

ယနေ့အစည်းအဝေးတွင် ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၏ ဒီပဲယင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် JICA မှ ချေးငွေဖြင့် 33 KV လျှပ်စစ်ဓာတ်အားခွဲရုံတည်ထောင်၍ နောက်ထပ်ရွာပေါင်း(၇၀)ကျော် လျှပ်စစ်မီးလင်းရေးကို မည်သည့်အချိန်တွင် စတင်ဆောင်ရွက်မည်ကိုသိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဒီပဲယင်းမြို့နယ်အတွင်း လက်ရှိဓာတ်အားလိုင်းနှင့် ၂ မိုင်အတွင်း ကျေးရွာ ၇၁ ရွာရှိသည့်အနက် ဓာတ်အားလိုင်းနှင့် နီးကပ်စွာတည်ရှိသော ကြခတ်ကျေးရွာနှင့် ကြည်ကျေးရွာအပါအဝင် ကျေးရွာ ၂၀ အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ ကျန် ၅၁ ရွာအား ၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း ၁၁ ကေဗွီလိုင်းနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာတည်ဆောက်ခြင်းလုပ်ငန်းများအား ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။



မိတ္ထီလာမဲဆန္ဒနယ်မှ
ဒေါက်တာမောင်သင်း



လှိုင်မဲဆန္ဒနယ်မှ
ဦးအောင်ကျော်ကျော်ဦး

ဒီပဲယင်းမြို့နယ်အတွင်း ကျေးရွာများ တိုးချဲ့ဓာတ်အား ဖြန့်ဖြူးနိုင်ရန်နှင့် ဓာတ်အားစနစ်တိုးတက်ကောင်းမွန်ရေးအတွက် JICA ချေးငွေဖြင့် ဒီပဲယင်းမြို့နယ် တောတန်းကျေးရွာအနီးတွင် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံနှင့် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၂၃ မိုင် တည်ဆောက်ရန် လျာထားပြီးဖြစ်ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကုန်ခန့်တွင် အဆိုပါချေးငွေသဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရန်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး၏ ဗန်းမောက်မြို့နယ်တွင် တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပင်လည်ဘူး)၌ ဗန်းမောက်မြို့နယ်မှ တိုင်းရင်းသားလူငယ်ကျောင်းသားများအနေဖြင့် ပဉ္စမတန်း တစ်ဦး၊ ဆဋ္ဌမတန်း ၆ ဦး၊ သတ္တမတန်း ၃ ဦး၊ အဋ္ဌမတန်း ၆ ဦး စုစုပေါင်း ၁၆ ဦးတက်ရောက်ပညာသင်ကြားလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဗန်းမောက်မြို့နယ်ရှိ တိုင်းရင်းသားကျောင်းသား ကျောင်းသူများအနေဖြင့် (ပင်လည်ဘူးမြို့)ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ တက်ရောက်ပညာသင်ကြားနိုင်ခြင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်နှင့် စီမံကိန်းလျာထားချက်များတွင်လည်း ထည့်သွင်းလျာထားမှုမရှိခြင်းတို့ကြောင့် ဗန်းမောက်မြို့နယ်တွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းဖွင့်လှစ်ရန် အစီအစဉ်မရှိပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်၊ မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင်၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၊ လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင်၊ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး၊ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်တို့၏ မေးမြန်းချက်များကိုလည်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်တို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး တင်သွင်းထားသည့် ပြည်ထောင်စုတစ်ဝန်း အရက်ချက်စက်ရုံများမှထွက်ရှိသည့် စွန့်ပစ်ရေဆိုးများအား ပြည့်စုံသည့် သန့်စင်စနစ်တပ်ဆင်ပြီး ဥပဒေပြဋ္ဌာန်းချက်ပါ စံချိန်စံညွှန်းများနှင့်အညီ စွန့်ပစ်မှသာ ထုတ်လုပ်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်မေဝင်းမြင့်၊ ဦးခင်မောင်လတ်၊ ဒေါက်တာဒေါ်အေဇင်လတ်၊ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ဦးအောင်မင်း၊ ဦးဘုန်းမြင့်အောင်၊ ဦးမြင့်ဝေ၊ ဦးညဏ်လင်း၊ ဦးအောင်ထူးမြင့်၊ ဦးဘရှိန်နှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမြတ်သိန်းတို့က ထောက်ခံဆွေးနွေးကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက အရက်ချက်စက်ရုံများအား စံချိန်စံညွှန်းနှင့်အညီ ရေဆိုးစွန့်ပစ်ခြင်းမရှိဘဲ လည်ပတ်နေကြောင်းစိစစ်တွေ့ရှိရပါက လိုင်စင်ရုပ်ဆိုင်းသွားမည်ဖြစ်ပါကြောင်း၊ စံချိန်စံညွှန်းမမီသော အရက်ချက်စက်ရုံများကို သက်ဆိုင်ရာဌာနများက စစ်ဆေးပြီး သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီပါက ပိတ်သိမ်းရေး ဆုံးဖြတ်ချက်ထားရှိပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် အရက်ချက်စက်ရုံများ နေရာပြောင်းရွှေ့ခြင်း၊ စက်ရုံအသစ်များ ထပ်မံခွင့်ပြုခြင်းတို့ကို ၂၀၁၀ ခုနှစ်မှစတင်၍ ရပ်ဆိုင်းထားပါကြောင်း၊ စံချိန်စံညွှန်းများနှင့်ညီညွတ်ခြင်းမရှိသည့် အရက်ချက်စက်ရုံများကို ရပ်ဆိုင်းထားရှိခြင်း၊ ကျန်ရှိနေသည့်အရက်ချက်စက်ရုံများကိုလည်း သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စိစစ်ဆောင်ရွက်လျက်ရှိပြီး စံချိန်စံညွှန်းနှင့်ကိုက်ညီမှုမရှိပါက လိုအပ်ချက်များ ပြုပြင်ဆောင်ရွက်ပြီးသည်အထိ ရပ်ဆိုင်းထားရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့်အတွက် အဆိုကိုမှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းစောင့်ကြည့်သွားမည် ဖြစ်ကြောင်း ဆုံးဖြတ်သည်။

**ကျော်သူထက်(သတင်းစဉ်)**

# ကျောင်းထောက်ပံ့ကြေးရန်ပုံငွေများကိုသုံးစွဲရာတွင် ကိုယ်ကျိုးအတွက် သုံးစွဲခဲ့မည်ဆိုပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၂၉**

အခြေခံပညာကျောင်းများအနေဖြင့် ကျောင်းထောက်ပံ့ကြေး ရန်ပုံငွေများကို သုံးစွဲရာတွင် အဖွဲ့အစည်းနှင့် လုပ်ဆောင်ရန်၊ ပွင့်လင်းမြင်သာအောင်သုံးစွဲရန်၊ တစ်ဦးတစ်ယောက်အတွက် သုံးစွဲရန်မဟုတ်ဘဲ ကျောင်းအတွက် သုံးစွဲရန်နှင့် ငွေစာရင်းခေါင်းစဉ်များကို မှန်ကန်စွာသုံးစွဲရန်ဖြစ်ပါကြောင်း၊ ကိုယ်ကျိုးအတွက် သုံးစွဲခဲ့မည်ဆိုပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ရှင်းလင်းပြောကြားသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး၏ အခြေခံပညာကဏ္ဍတွင် ကျောင်းထောက်ပံ့ကြေးလုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တိတိကျကျ လိုက်နာဆောင်ရွက်ရေးအတွက် အထူးစီမံကြပ်မတ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ကျောင်းထောက်ပံ့ကြေးများအား ကိုယ်ကျိုးရှာ အလွဲသုံးစားပြုနေသော ကော်မတီဝင်များအား စုံစမ်းဖော်ထုတ်၍ ထိထိရောက်ရောက်အရေးယူ အပြစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ



ဒုတိယဝန်ကြီး
ဦးဝင်းမော်ထွန်း

မေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အထက်ပါအတိုင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက အခြေခံပညာဦးစီးဌာနအနေဖြင့် အခြေခံပညာကျောင်းများတွင် ကျောင်းထောက်ပံ့ကြေး လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တိတိကျကျလိုက်နာ၍ ထိထိရောက်ရောက် ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်ရေးအတွက် အထူးစီမံကြပ်မတ်ပေးလျက်ရှိပါကြောင်း၊ ကျောင်းထောက်ပံ့ကြေးများအား ကိုယ်ကျိုးရှာ အလွဲသုံးစားပြုနေသူများရှိပါကလည်း တိုင်ကြားမှုများနှင့် မြို့နယ်အဆင့် စုံစမ်းဖော်ထုတ်သိရှိမှုများအရ ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၏ ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် ကံဘဲ့လမ်းထောင့်ရှိ အမှတ်(၆) သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနပိုင် မြေ ၃၅ ဒသမ ၃၈၅ ဧကမှ ၁၇ ဒသမ ၇၀ ဧကကို ပွင့်လင်းမြင်သာမှုမရှိဘဲ စွန့်လွှတ်မြေအဖြစ် အချိန်တိုအတွင်း သတ်မှတ်ပြီး ရွှေတိဂုံစေတီတော်အနီးမှ လက်လွှတ်ခဲ့ရသော ဒဂုံစီးတီးအဆင့်မြင့် မြို့ပြအိမ်ရာစီမံကိန်းနေရာအစား မာယကုမ္ပဏီသို့ နှစ် ၅၀ စီမံကိန်းဖြင့် ငှားရမ်းခဲ့မှုအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနက ထိုစီမံကိန်းကို ဖျက်သိမ်း၍ ပြည်သူ့ဆန္ဒနှင့်အညီ ဖွံ့ဖြိုးမှုအားနည်းသော တောင်ဒဂုံ၊ မြောက်ဒဂုံ၊ အရှေ့ဒဂုံ၊ ဒလနှင့် တွံတေး စသည့် နေရာများသို့ ရွှေ့ပြောင်းကာ စီမံကိန်းနေရာချထားပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရရှိထားသည့် ရွှေတိဂုံဘုရား၊ သိင်္ဂုတ္တရကုန်းတော်နှင့် ဆက်စပ်နယ်မြေတစ်ဝိုက်ရှိ လုပ်ငန်းစီမံကိန်းများ၏ အစားထိုးမြေနေရာအတွက် ဝန်ကြီးဌာနပိုင် ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် ကံဘဲ့လမ်းထောင့်ရှိ မြေ ၃၅ ဒသမ ၃၈၅ ဧကအနက် ၁၇ ဒသမ ၇၀ ဧကကို မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီမှ နိုင်ငံတော်သို့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ပြန်လည်အပ်နှံခဲ့ပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနက လွှဲပြောင်းလက်ခံခဲ့ပါကြောင်း။

၂၀၁၆ ခုနှစ် ဩဂုတ် ၂၁ ရက်က ကျင်းပသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနနှင့် Marga Landmark ကုမ္ပဏီတို့ပါဝင်သည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအစည်းအဝေးမှ Marga Landmark ကုမ္ပဏီမှ ရယူထားသည့် မြေ ၁၇ ဒသမ ၇ ဧကအနက် ၉ ဧကအား နိုင်ငံတော်သို့ ပြန်လည်ပေးအပ်ပြီး သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ပြန်လည်



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၂)မှ ဦးအောင်မျိုး

ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၏ ပလက်ဝမြို့နယ် ဆမီးမြို့နှင့် သံထောင်ရွာများရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းစာသင်ခန်းများ လုံလောက်မှုမရှိသည့်အတွက် ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးခြင်း၊ စာသင်ခန်းများအား မွမ်းမံပေးခြင်းနှင့် ဆမီးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသည့် ကျောင်းခန်းမ၊ သိပ္ပံခန်း၊ ကွန်ပျူတာခန်းနှင့် စာကြည့်တိုက်တို့ကို ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပလက်ဝမြို့နယ် ဆမီးအခြေခံပညာအထက်တန်းကျောင်း၌ စာသင်ဆောင် ၅ ဆောင်နှင့် စာသင်ခန်း ၂၂ ခန်းရှိပြီး ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၄၇၈ ဦး ပညာသင်ကြားနေပါကြောင်း၊ အဆိုပါကျောင်းအတွက် သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်စာကြည့်တိုက်ဆောင် တစ်ဆောင်နှင့် KG ဆောင် တစ်ဆောင် ဆောက်လုပ်ရန် ၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေလျာထားချက်တွင် ထည့်သွင်းထားပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ပလက်ဝမြို့နယ် သံထောင်ရွာ အခြေခံပညာအထက်တန်းကျောင်း၌ စာသင်ဆောင် ၃ ဆောင်နှင့် စာသင်ခန်း ၁၁ ခန်းရှိပြီး ကျောင်းသားကျောင်းသူ စုစုပေါင်း ၅၀၄ ဦး ပညာသင်ကြားနေပါကြောင်း၊ သံထောင်ရွာ အထက်တန်းကျောင်း အတွက် ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ဝက်ချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၆ -၂၀၁၇

**စာမျက်နှာ ၇ သို့ ◆**

# (၇၂)နှစ်မြောက် မြန်မာနိုင်ငံစာဆိုတော်နေ့

## ဟံသာဝတီ-ဦးအုန်းကြိုင်

**သာစွလေ။ ။နှင်းဝေမှိုင်းရီ မိဂသီနှင့် အညီမိုးလ၊ ပြည့်ဝန်းပလျက်၊ ချမ်းမြရတု၊ ဓနုရာသီ၊ ရောက်ပြီဝန်းကျင်၊ ဂမုန်းအင်နှင့် သဇင်ပွင့်ပေါ်၊ လနတ်တော်ကား၊ ပူဇော်သဘင်၊ ပွဲကြီးယင်၍ နှစ်စဉ်အမြဲဆင်နွှဲကျင်းပ၊ စာဆိုလတူ၊ ပြည်သူတကာ၊ ပါဝင်ကာဖြင့် ရွှင်ကြည်လေးမြတ် ပူဇော်ကြသည်။ ။**

### မြန်မာနိုင်ငံစာဆိုတော်နေ့

၁၃၇၈ ခုနှစ် နတ်တော်လဆန်း ၁ ရက် (၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်)နေ့သည် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ နှစ်စဉ်ဆင်ယင်ကျင်းပသော (၇၂)နှစ်မြောက် စာဆိုတော်နေ့ဖြစ်ပါသည်။ မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးသည် ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်၊ ၁၉၄၄ ခုနှစ် (ဂျပန်ခေတ်) နိုဝင်ဘာ ၁၅ ရက်မှစတင်၍ ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိ၊ ပညာဝုဒ္ဓိ၊ သမ္မာဝုဒ္ဓိ၊ သိက္ခာဝုဒ္ဓိ ကြီးမားကြပါကုန်သော မြန်မာစာပေပညာရှိ ကဝိအမော်စာဆိုတော်ကြီးများအား ဂုဏ်ပြုပူဇော်အပ်သော "စာဆိုတော်နေ့" အထိမ်းအမှတ်ပွဲသဘင်ကို ခေတ်အဆက်ဆက် ဆင်ယင်ကျင်းပခဲ့သည်မှာ ယခုနတ်တော်လဆန်း ၁ ရက်နေ့တွင် (၇၂) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

### စာဆိုတော်နေ့အစ

### ဦးပုညနေ့က

မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးသည် "စာဆိုတော်နေ့"အထိမ်းအမှတ်ပွဲ မကျင်းပနိုင်မီ မြန်မာစာပေနှင့်ပတ်သက်သည့်နေ့ တစ်နေ့အဖြစ်၊ ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် ထင်ရှားခဲ့သော မြန်မာစာပေပညာရှင် စလေဆရာကြီးကိုချီးကျူးဂုဏ်ပြုသည့် "ဦးပုညနေ့"ကို ကျင်းပခဲ့ကြသည်။ ယနေ့ထိတိုင် ကျင်းပနေကြသော "စာဆိုတော်နေ့"ဆိုသည်မှာ ယင်း "ဦးပုညနေ့"မှ စတင်မြစ်ဖျားခံကာ ကျင်းပခဲ့ကြသော အထိမ်းအမှတ်နေ့ တစ်နေ့ပင်ဖြစ်သည်။

### စစ်အတွင်းပညာရှင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများ

၁၉၄၄ ခုနှစ် အစဦးပိုင်းကာလ (ဂျပန်ခေတ်)က ဒေါက်တာဘဟန် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော မြန်မာနိုင်ငံတော်ပညာတံခွန်အသင်း၏ လက်အောက်ရှိ အဘိဓာန်ကျမ်းပြုဌာနနှင့် ပညာစွယ်စုံကျမ်းပြုဌာနတို့သည် စစ်ဘေးမှ လွတ်ကင်းရာ ထိုစဉ်က ဟံသာဝတီခရိုင် ကွမ်းခြံကုန်းမြို့ကလေးတွင် စခန်းချလျက်ရှိကြသည်။ ဦးစွာ ရွှေကျင်ကျောင်းတိုက်ဇရပ်ကြီးတစ်ဆောင်တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းများစတင်ဆောင်ရွက်ကြရာမှ အခွင့်သာလာသဖြင့် မြို့ပိုင်ရုံးအောက်ထပ်တွင် ပြောင်းရွှေ့ဖွင့်လှစ်လုပ်ကိုင်ကြသည်။

### အဘိဓာန်ကျမ်းပြုဌာန

ထိုသို့လုပ်ငန်းများ လုပ်ဆောင်ကြရာတွင် အဘိဓာန်ကျမ်းပြုဌာန၌ ဆရာဦးဝန်(ဆရာကြီးမင်းသုဝဏ်၊ လက်ရှိသမ္မတကြီးဦးထင်ကျော်၏ ဖခင်)၊ ဆရာဦးမာဃ၊ ပထမကျော်ဦးကြီးဖေ၊ ပထမကျော် ဦးတင်ရွှေ၊ ဒေါ်မမကြီး စသည်တို့ပါဝင်ဆောင်ရွက်ကြသည်။

**"စာဆိုတော်နေ့"သည် မြန်မာစာပေလောကသားအားလုံးအတွက် ဂုဏ်ယူဖွယ်ရာနေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ ယင်း"စာဆိုတော်နေ့"ကို ဂုဏ်ပြုလျက် သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကိုလည်း နှစ်စဉ်မပျက် ဆင်ယင်ကျင်းပခဲ့ကြ၊၊၊**

### ပညာစွယ်စုံကျမ်းပြုဌာန

အလားတူ ပညာစွယ်စုံကျမ်းပြုဌာနတွင် ဦးကြီး ဂေဇက်ဦးခင်မောင်က ဦးဆောင်၍ ဦးအုန်းဖေ(ဆရာတက်တိုး)၊ ဦးတင်ဦး၊ ဦးယုဆိုင်၊ ကက်သရင်း ဒေါ်ခင်ခင် စသည်တို့ပါဝင်လုပ်ကိုင်ဆောင်ရွက်ကြသည်။

တစ်နေ့တွင် ဆရာတက်တိုးက အင်္ဂလိပ်လူမျိုးတို့သည် ၎င်းတို့၏ အမျိုးသားစာပေ အမျိုးသားကိုယ်ပိုင်ယဉ်ကျေးမှုကို အမြတ်တနိုးတန်ဖိုးထားလေးစားလေ့ရှိကြပုံများနှင့် ကမ္ဘာကျော်ထင်ရှားသော အင်္ဂလိပ်စာရေးဆရာရှိတ်စပီးယားအား ဂုဏ်ပြုအလေးထားသည့် "ရှိတ်စပီးယားပွဲတော်"ကို နှစ်စဉ်ကျင်းပလေ့ရှိကြပုံများကို ပြောပြရာတွင် ဆရာဦးယုဆိုင်က "သူတို့က ရှိတ်စပီးယားပွဲတော်လုပ်ကြသလို ကျွန်တော်တို့ကလည်း ဦးပုညပွဲတော် လုပ်ကြတာပေါ့ဗျာ"ဟု ပြောဆိုဆွေးနွေးကြရာမှ ဆရာတက်တိုးနှင့် ဦးယုဆိုင်တို့ ဆက်လက်ကြိုးပမ်းချက်ဖြင့် "ဦးပုညပွဲတော်"ကျင်းပရန် အားလုံးသဘောတူဆုံးဖြတ်ကြလေသည်။

### ဦးပုညမွေးနေ့

ထိုမှ ဆရာကြီးစလေဦးပုည၏မွေးနေ့ဖြစ်သော ကဆုန်လဆန်း(၁၃) ရက်နေ့ကို"ဦးပုညနေ့" အဖြစ်သတ်မှတ်၍တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ကျင်းပရန်၊ ထိုစဉ်က ထုတ်ဝေလျက်ရှိသော မြန်မာ့အလင်းသတင်းစာတွင် ကြေညာချက်များထည့်ကာ နှိုးဆော်ကြလေသည်။

ထိုနှစ် ၁၃၀၆ ခုနှစ်၊ ကဆုန်လဆန်း (၁၃) ရက်(၁၉၄၄ ခုနှစ် မေလ ၄ ရက်)နေ့တွင် ပထမဆုံးအကြိမ်အဖြစ် ဦးပုညနေ့အထိမ်းအမှတ်အခမ်းအနားကို စာဆိုတော်ဦးပုညကို ဂုဏ်ပြုခြင်းဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံးအကြိမ် စာပေလှုပ်ရှားမှုပွဲတော်ကို အောင်မြင်စွာကျင်းပခဲ့ကြသည်။

### ၄ရက်မြောက်နေ့မှအစ

ထိုဦးပုညနေ့ကျင်းပ၍လေးရက်မြောက်နေ့ ကဆုန်လပြည့်ကျော် (၂)ရက်၊ မေလ ၉ ရက်နေ့တွင် ယခုတိုင်ကျင်းပကြဆဲဖြစ်သည့်"စာဆိုတော်နေ့" ဖြစ်ထွန်းပေါ်ပေါက်စေမည့် အကြောင်းဖြစ်ပေါ်လာသည်။

ရန်ကုန်မြို့ ဦးဝိစာရလမ်း (ယခုနဝရတ်ရိပ်သာဝင်း)ရှိ ဂျပန်ခေတ်မြန်မာအစိုးရပညာ ကျန်းမာစည်ပင်သာယာဝန်ကြီး ဦးလှမင်း၏ ရုံးတွင် ဆရာကြီးဦးဖေမောင်တင်အမှူးရှိသော မြန်မာစာပေပညာရှင် ၁၁ ဦး တက်ရောက်ကြသည့် အစည်းအဝေးတွင် ဦးပုညနေ့အစား မြန်မာစာပေတိုးတက်ထွန်းကားရေးဆိုင်ရာ" စာဆိုတော်နေ့"ကို ရွေးချယ်သတ်မှတ်ကြရန် ဆွေးနွေးကြသည်။

### ဂျာနယ်ကျော် ဦးချစ်မောင်၏အဆို

ဂျာနယ်ကျော်ဦးချစ်မောင်က ရှေးမြန်မာမင်းများလက်ထက်က နှစ်စဉ်နတ်တော်လတွင် စစ်ဘက်၊ စာပေဘက်ထူးချွန်ထက်မြက်သည့်ပညာရှင်များနှင့်မင်းညီမင်းသားမှူးမတ်များအား ဘွဲ့ထူးဂုဏ်ထူးများချီးမြှင့်သည့် အစဉ်အလာရှိခဲ့ခြင်းကြောင့်၊ နတ်တော်လဆန်း (၁) ရက်နေ့ကို "စာဆိုတော်နေ့" အဖြစ်ရွေးချယ်သတ်မှတ်ကျင်းပသင့်ကြောင်း အဆိုပြုခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌဖြစ်သူ ဦးသိန်းမောင်(သံတော်ဆင့်)က ထောက်ခံ၍နှစ်စဉ်နတ်တော်လဆန်း (၁) ရက်နေ့ကို "မြန်မာနိုင်ငံစာဆိုတော်နေ့"အဖြစ် အားလုံးလက်ခံကျင်းပခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။

### စာဆိုတော်အခါသမယ

နတ်တော်လဆန်း (၁) ရက်နေ့ "စာဆိုတော်နေ့"ကို အကြောင်းပြု၍ စာဆိုတော်နေ့အခါသမယတွင် နိုင်ငံတော်အစိုးရကထူးချွန်ပြောင်မြောက်သော စာအုပ်ကောင်းများကိုရွေးချယ်၍ အမျိုးသားစာပေဆုနှင်းသဘင်၊ စာပေဗိမာန် စာမူဆုနှင်းသဘင်များကို နှစ်စဉ်ခမ်းနားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ စာကောင်းစာမွန်များအတွက် စာပေပညာရှင်များကို ထိုက်တန်စွာချီးမြှင့်ခြင်း ဖြစ်ပါသည်။

အလားတူ ပုဂ္ဂလိကစာပေဆုများအနေဖြင့်လည်း ပခုက္ကူဦးအုန်းဖေစာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆု၊ သုတစွယ်စုံစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ရွှေအမြုတေစာပေဆုများကိုလည်း ချီးမြှင့်လျက်ရှိကြသည်။

### သက်ကြီးစာပေပညာရှင်ကြီးများအား

### ပူဇော်ကန်တော့ပွဲ

"စာဆိုတော်နေ့"သည် မြန်မာစာပေလောကသားအားလုံးအတွက် ဂုဏ်ယူဖွယ်ရာနေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ ယင်း "စာဆိုတော်နေ့"ကို ဂုဏ်ပြုလျက် သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကိုလည်း နှစ်စဉ်မပျက် ဆင်ယင်ကျင်းပခဲ့ကြသည်။

### သက်ကြီးစာရေးဆရာကြီးများ

သက်ကြီးစာပေပညာရှင်ကြီးများသည် နိုင်ငံတော်နှင့်လူမျိုးတို့ကို ချစ်မြတ်နိုးစိတ်၊ နယ်ချဲ့ရန်တွန်းလှန်၍ နိုင်ငံတော်လွတ်လပ်ရေးရယူလိုစိတ်၊ ရရှိပြီးသော လွတ်လပ်ရေးနှင့် နိုင်ငံတော်ကို ကာကွယ်စောင့်ထိန်းလိုစိတ်၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုကို အမြတ်တနိုးတန်ဖိုးထားကာ ထိန်းသိမ်းကာကွယ်စောင့် ရှောက်လိုစိတ်၊ လူတစ်ဦးချင်းစီအလိုက် ကောင်းမြတ်စေလိုသောစိတ်၊ လောကကိုစောင့်ရှောက်လိုစိတ် စသည့် ကောင်းမွန်မြင့်မြတ်သော စိတ်များထားရှိနိုင်ကြ၍ လူကောင်းသူကောင်းများဖြစ်ကြစေရန် စာကောင်းစာမွန်တို့ကို ရေးသားပြုစုခဲ့ကြသည်။

### သက်ကြီးသတင်းစာပညာရှင်ကြီးများ

အလားတူစွာ သတင်းစာပညာရှင်ကြီးများသည်လည်း သတင်းစာအတတ်ပညာစွမ်းရည်တို့ဖြင့် နိုင်ငံတော်အတွက် မြန်မာ့လွတ်လပ်ရေးတပ်ဦးမှ ရှေ့ဆောင်ချီတက်ကာ ကိုယ်ကျိုးစွန့်အနစ်နာခံ၍ ပြည်သူတို့အကျိုး၊ နိုင်ငံတော်အကျိုးကို စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပညာရှင်ကြီးများဖြစ်ကြသည်။ ၎င်းပညာရှင်ကြီးများဖြစ်ကြသည့် စာရေးဆရာကြီးများ၊ သတင်းစာဆရာကြီးများသည် စာဖတ်ကြသည့် ပြည်သူပြည်သား လူအများအတွက် ကျေးဇူးကြီးမားကြပါသည်။

ထိုသို့ ကျေးဇူးကြီးမားကြကုန်သော ပညာရှင်ကြီးများအနက် အသက်(၈၀)နှင့်အထက်ရှိ အိုမင်းမစွမ်း ဆရာကြီးများအား ယနေ့စာဆိုတော်နေ့တွင် နှောင်းခေတ်စာရေးဆရာ သတင်းစာဆရာအပေါင်းတို့နှင့် စာပေကို ချစ်မြတ်နိုးကြသော ပုဂ္ဂိုလ်အပေါင်းတို့က ဂရုဂါရဝတရားဖြင့် ပူဇော်ကန်တော့ဂုဏ်ပြုကြပါသည်။

### စာရေးဆရာအသင်းစာဆိုတော်နေ့

ယခု ဒီဇင်ဘာလ ၃ ရက် (စနေနေ့)တွင် ၁၃၇၈ ခုနှစ် "စာဆိုတော်နေ့" အထိမ်းအမှတ်သက်ကြီးစာပေပညာရှင်များအား (၂၃)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲအဖြစ် မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးမှ ရန်ကုန်မြို့တော်ခန်းမတွင် ခမ်းနားစွာ ဆင်ယင်ကျင်းပမည်ဖြစ်ပါသည်။ ယခုနှစ် ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးပေါင်း ၂၀၀ ရှိကြောင်း သိရပါသည်။

### သတင်းစာဆရာအသင်းပူဇော်ပွဲ

အလားတူ ဒီဇင်ဘာလ ၁၀ ရက် (စနေနေ့)တွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်းမှ ကျင်းပသည့် "စာဆိုတော်နေ့" အထိမ်းအမှတ်တတိယအကြိမ် သက်ကြီးသတင်းစာပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ရန်ကုန်မြို့တော်ခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်ဟု သိရှိရပါသည်။ ယခုနှစ် ကန်တော့ခံသက်ကြီး (၇၅)နှစ်နှင့်အထက်ရှိ သတင်းစာပညာရှင်ကြီးပေါင်း ၁၄၀ ခန့်ရှိမည်ဟုလည်း သိရပါသည်။

"စာပေဂုဏ်ဝင့်၍ လူမျိုးဂုဏ်တင့်စေအံ့-----"။ ။

---

## သမိုင်းအရွှေ့ထဲက စာဆိုတော်နေ့ပုံရိပ်လွှာ

❍ နတ်တော်လဆန်းတစ်ရက်ရဲ့
နံနက်ခင်းနေရောင်ဟာ
အမှောင်ကိုရိုက်ခွဲ
လောကထဲကို
ခပ်ရဲရဲဝင်ရောက်လာ
အလင်းတွေ ရွာသွန်းခဲ့လေပြီ။

❍ သည်လိုနေ့မှာ
စာဆိုတော်အကျော်အမော်တွေဟာ
နိုင်ငံတော်နဲ့ လူမျိုးအတွက်
ဖက်ဆစ်နဲ့ ဗြိတိသျှကို
ဇာတိပုည
ဂုဏ်မာနစားနဲ့
လွှားခနဲ
အားလွှဲလို့ ခုတ်ခဲ့ပြီ။

❍ သူတို့လက်နက်
ကလောင်တွေ အရောင်လက်ခဲ့ကြ
ဒီလိုနဲ့ သူ့ကျွန်ဘဝလွတ်ခဲ့ပြီ။
အနုပညာစံ
နိုင်ငံရေးစံ
စံနစ်စံ အတောင်ပံခတ်
မြန်မာ့ဘဝဟာ ရောင်ပြန်ဟပ်လှခဲ့ပြီ။

❍ တိုင်းကား ပြည်ရွာ
သာယာမှ ငြိမ်းချမ်း
စိမ်းလန်းမှ စည်ဖြာ
ငါတို့ရဲ့ ညီညာခြင်းရလဒ်
လွတ်လပ်ရေးကြီးရခဲ့ပြီ။

❍ စာဆိုတာဝန်
ကျေပွန်တဲ့ သမိုင်းပုံရိပ်
သည်နေ့စာသမားတွေ
နှလုံးသားမှာချိတ်ရမည်။

❍ အို နတ်တော်လဆန်းတစ်ရက်ရဲ့
နံနက်ခင်းနေရောင်
သဇင်ပန်းတွေကို
သယ်ဆောင်လာပြီ။

❍ ပေမန္တမီးရထားကြီး
စီးနင်းလိုက်ပါလာခဲ့ပြီ။
စာဆိုတော်တို့ ဂုဏ်ကျေးဇူး
ရှိဦးတင်ကာ
မင်္ဂလာပါ နှုတ်ခွန်းဆက်
ချီတက်ခဲ့လေပြီ။ ။

**စိုးမြင့်သန်းမောင် (စာပေဗိမာန်)**

---

### ❍ ဆူဇူကီးဖလားမှ

မြန်မာအသင်းနှင့် ထိုင်းအသင်းတို့၏ ဆီမီးဖိုင်နယ်ပထမအကျော့ ပွဲစဉ်အတွက် လက်မှတ်များရောင်းချရာတွင် အဝေးကွင်းပရိသတ်များကိုလည်း ရောင်းချပေးရမည်ဖြစ်သည်။ နိုဝင်ဘာ ၁၉ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့သည့် ဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များအပြီးတွင်မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် ပွဲစဉ်များတွင် ပရိသတ်အားပေးမှုမြင့်မားခဲ့ပြီး မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စုနောက်ဆုံးပွဲတွင် ပရိသတ် ၃၂၀၀၀ ကျော်အထိ လာရောက်အားပေးခဲ့သည်။ မြန်မာဘောလုံးပရိသတ်များ၏ ဘောလုံးအားကစားအပေါ် အရူးအမူးအားပေးသူများဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်း၏ တစ်ကျော့ပြန်အောင်မြင်မှုကို စိတ်ဝင်စားမှုမြင့်တက်လျက်ရှိပြီးတစ်ခဲနက် လာရောက်အားပေးဖွယ်ရှိနေသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆီမီးဖိုင်နယ်တွင် အာဆီယံထိပ်သီးထိုင်းအသင်းနှင့်ယှဉ်ပြိုင်ကစားရမည် ဖြစ်သော်လည်း အိမ်ကွင်း၊ အဝေးကွင်းယှဉ်ပြိုင်ကစားမည်ဖြစ်သောကြောင့် ကြောက်ရွံ့နေစရာမလိုဘဲ ရဲရဲတင်းတင်းယှဉ်ပြိုင်ကာ ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်နေ သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ထိုင်းအသင်းနှင့်ယှဉ်ပါက အဆင့်တစ်ခုကွာခြားနိုင်သော်လည်း အုပ်စုပွဲစဉ်များတွင် တစ်ပွဲထက်တစ်ပွဲ ကောင်းမွန်လာသည့် ခြေစွမ်း၊ မြန်မာကစားသမားများ၏ စိတ်ဓာတ်နှင့် ကြိုးစားမှုတို့ကြောင့် ဒီဇင်ဘာ ၄ ရက်တွင် ယှဉ်ပြိုင်ကစားမည့် အိမ်ကွင်းပွဲတွင် ရလဒ်ကောင်း ရယူနိုင်ဖွယ်ရှိနေသည်။ ၂၀၁၆ ဆူဇူကီးဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် မြန်မာနှင့် လက်ရှိချန်ပီယံထိုင်း၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်အသင်းတို့ တွေ့ဆုံလျက်ရှိသည်။

**သတင်း-ရှိုင်းထက်ဇော် ဓာတ်ပုံ-စိုးညွန့်**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# လမ်းပေါ်က ရမ်းကားမှုများ ထိထိရောက်ရောက် အရေးယူသင့်ပြီ

လှမင်းအောင်

လမ်းပေါ်မှာ ရုတ်ရုတ်သဲသဲ ဖြစ်သည့်အသံများ အော်ဟစ်ဆူညံသံများ ကြားရ၍ လိုက်ကြည့်မိသည်။ (၃၆) လမ်း အလယ်လမ်းထဲမှာဖြစ်သည်။ အော်ဟစ်ပြောဆိုကာ ရန်တွေ့နေသူတို့က ဈေးရောင်းနေကြသူများ ဖြစ်ပုံရပြီး အမျိုးသမီးငယ်တစ်ဦးမှာ မျက်ရည်များလည်ကာ ပြိုတော့မည့် မိုးလို။

မဟာဗန္ဓုလလမ်းမှ အနော်ရထာလမ်းဘက်ကို သွားရန် သည်လမ်းကိုဖြတ်ကာ အသွားလမ်းမှာ ရန်ပွဲနှင့် တိုးနေပြီး ထိုရန်ပွဲက အမျိုးသမီးငယ်တစ်ဦးကို အုပ်စုတစ်စုက ဝိုင်းဝန်းရန်တွေ့နေသည့်ပွဲ ဖြစ်၏။ ဈေးရောင်းနေသည့် အမျိုးသမီးကြီးတစ်ဦးက လမ်းလယ်ကောင်မှာပဲ လုံချည်ကိုကိုင်ကာ မဖွယ်မရာပြုမူပြသည်ကိုပါ တွေ့ရသည်။ ဈေးရောင်းသည်မှာ ထားတော့။ လမ်းပေါ်မှာ စကားများ ကတောက်ကဆတ်ဖြစ်ရသည်ကို လူလယ်ကောင် သည်လိုမဖွယ်မရာ ပြုသည်ကတော့ အလွန်ရှက်စရာပါပဲ။ အမျိုးသမီးငယ်မှာ ယိုသူမရှက် မြင်သူရှက်ဖြစ်ကာ ငိုချလိုက်တော့သည်။ ဒါနှင့်ပဲ ခေတ္တရပ်ကာ တစ်ဦးတည်းဖြစ်နေသည့် အမျိုးသမီးငယ်ကို မေးမိသည်။

ရန်ကုန်မြို့မှာ ဖြစ်နေကျဟု ဆိုရမည့် ဇာတ်လမ်းပါပဲ။ အမျိုးသမီးငယ် ရပ်ထားသည့် ကားပေါ်မှာ သူတို့ဈေးဆိုင်၏ ဝါးလုံးတန်းများတင်ကာ ဆိုင်ဖွင့်သည်။ သည်တန်းတွေ ယခုလို ရပ်ထားသော ကားပေါ်မှာ တင်ကာ ဈေးဆိုင်ခင်းဖွင့်လှစ်သည့်အတွက် အမျိုးသမီးက ပြောတော့ ချေချေငံငံမပြော ရန်တွေ့ကြသည်။ သည်တော့ အမျိုးသမီးငယ်က ရပ်ကွက်အုပ်ချုပ်ရေးမှူးကို သွားတိုင်သည်။ ရုံးမှာရှိသူက ရုံးက ညမှ ဖွင့်သည့်အကြောင်းပြော၍ ရုံးနှင့် မရ၊ ရဲစခန်းတိုင်မှ ဖြစ်မည်ဟုဆိုကာ ယင်းဆိုင်နှင့် ကားကို ဓာတ်ပုံရိုက်ယူသည်။ ဒါကို ဝိုင်းဝန်းရန်တွေ့ကြ၊ မဖွယ်မရာပြုကြတာပဲဖြစ်သည်။ သည်မှာ ဆက်နေလျှင် သည့်ထက်ရန်လုပ်တော့မည်၊ ဓား နှင့် ခုတ်မည်လား၊ တုတ်နှင့် ရိုက်မည်လား ဟူ၍ အစိုးရိမ်ကြီးကာ အတင်းထွက်လာခဲ့တာဟု ဆိုသည်။

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ အထင်ကရ စီးပွားရေးမြို့တော်တစ်ခုအဖြစ် တည်ရှိနေ၏။ နေပြည်တော်ကို မြန်မာနိုင်ငံ၏ မြို့တော်အဖြစ် သတ်မှတ်ထားသော်လည်း ရန်ကုန်မြို့သည် နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရားများ၊ လွှတ်တော်များအပါအဝင် နိုင်ငံရေးအရ အထင်ကရများ မရှိသော်လည်း ယခုထက်တိုင် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အထွေထွေအားဖြင့် အထင်ကရမြို့ကြီးတစ်ခုအဖြစ် တည်ရှိနေခြင်း ဖြစ်ပါသည်။




**ရန်ကုန်မြို့တစ်နေရာရှိ လမ်းဘေးပလက်ဖောင်းပေါ်တွင် ဈေးရောင်းနေသော ပျံကျဈေးသည်များကို နိုဝင်ဘာ ၂၇ ရက်က တွေ့ရစဉ်။**

ဤကဲ့သို့သော ယနေ့ ရန်ကုန်မြို့တော်အတွင်း ထွက်ပေါ်နေသည့် သတင်းများမှာ မယုံကြည်နိုင်လောက်အောင် ရမ်းကားရိုင်းပျမှုများဖြစ်နေသည်ကို တွေ့ရပါသည်။

လမ်းမပေါ်မှာ ကားချင်း ယှဉ်မောင်းရင်း အချေအတင်ဖြစ်ရာမှအစ ကားမောင်းသမား၊ ယာဉ်နောက်လိုက်နှင့် အပေါင်းအပါများက တုတ်များကိုင်ကာ တစ်ဖက်မှ ယာဉ်မောင်းသူကို ဝိုင်းဝန်းရိုက်နှက်ကြသည်ဟူ၏။ လမ်းဘေးမှာပင် တရားရုံးတစ်ခု အမြန်ဖွင့်လှစ်ပြီး ဒရိုင်ဘာ၊ စပယ်ယာတို့က ကိုယ်တိုင် တရားလိုလုပ်၊ ကိုယ်တိုင် သက်သေထိုင်ခုံမှာထိုင်ကာ ကိုယ်တိုင် တရားသူကြီးအဖြစ် တာဝန်ယူ၍ စီရင်ချက်ချပြီးနောက် ကိုယ်တိုင် ပါးကွက်အာဏာသားအဖြစ် ရိုက်နှက်နေတော့သည်။

ဘတ်စ်ကားနှင့် နေ့တိုင်း ရုံးလာနေရသော လူငယ်တစ်ဦးက တာဝန်ရှိတဲ့ လူကြီးတွေ တစ်နေ့လောက် (တစ်နေ့လောက်ပါပဲ) ကျွန်တော်တို့လို ပြည်သူတို့နှင့် အတူ ဘတ်စ်ကား လိုက်စီးစေချင်သည်တဲ့။ မနက်ရုံးလာချိန်၊ ညနေ ရုံးပြန်ချိန် မဟာဗန္ဓုလလမ်းတစ်လျှောက်မှသည် တံတားဟိုဘက်၊ သည်ဘက်ဆင်းသည်အထိ အပြိုင်အဆိုင်မောင်းနေကြသော ဘတ်စ်ကားကြီးများ၊ အသည်းထိတ်စရာ ကောင်းလောက်အောင် ဇွတ်ဝင် ဇွတ်တိုး၊ ဇွတ်ဖြတ် ဇွတ်ကျော်နှင့် လမ်းပေါ်မှ လူများရော အနီး ဘတ်စ်ကားပေါ်မှ လူများပါ ဘုရားတကာ နေကြရသည့်ဘဝများကို စာနာနိုင်အောင်ပါတဲ့။

ပြည်သူလူထုအတွက် စိတ်လုံခြုံရာနေရာကား ရှားပါးသည်ထက် ရှားပါးလာနေပြီလားဟု မေးခွန်းထုတ်စရာဖြစ်နေသည်။

ဥပဒေမဲ့ ရမ်းကားသော ဘတ်စ်ကားများကို ထိထိရောက်ရောက် အရေးယူတော့မည်ဟူသော သတင်းများ ထွက်ပေါ်လာသည်မှာ ကြာမြင့်လှ၍ မေ့ပင်မေ့လောက်ပြီ။ ယခုထိ ဒုံရင်း ဒုံရင်း။

လမ်းဘေးမှာ နေရာယူရောင်းချနေသော ဈေးသည်များက လမ်းပေါ်မှာတင် ၎င်းတို့၏ အမှိုက်သရိုက် အညစ်အကြေးများကို ဆေးကြော စွန့်ပစ်နေကြသည်။ ယခုအခါ သည်လိုလမ်းဘေးဈေးသည်များကို နေရာရွှေ့တော့မည်ဟု သတင်းများ ထွက်ပေါ်လာပြီး ကမ်းနားလမ်းတစ်လျှောက် ဈေးတန်းများဖွင့်လှစ်ရန် နေရာပေးရောင်းချနေသည်တို့ကိုလည်း တွေ့မြင်ရသည့်အတွက် ပြည်သူလူထုက ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်ကိုလည်း ကြားသိနေရပါသည်။

ယင်းကဲ့သို့ လမ်းမတန်းများပေါ်မှ ဆိုင်များကို ရှင်းလင်းနေသည်တို့ကို တွေ့မြင်ရချိန်နှင့် တစ်ပြိုင်တည်းမှာ လမ်းသွယ် လမ်းကျဉ်းများအတွင်းမှ လမ်းဘေးဈေးသည်များက ပိုမိုနေရာယူကာ စီးပွားရေး အကွက်အကွင်း တိုးချဲ့လာကြသည်ကို တွေ့နေကြရပြန်ပါသည်။

ရန်ကုန်မြို့တော်တွင်းမှာ မြို့နေ လက်လုပ်လက်စား လူတန်းစားများအတွက် ဈေးသည်များက လိုအပ်ချက်အရ ရှိနေကြသည်မှာ မှန်သော်လည်း အများပြည်သူတို့အတွက် အလွန်တရာ အခက်အခဲအကျပ်အတည်းဖြစ်စေသည့် အနေအထားများကိုမူ ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူသင့်ပြီဟု ယူဆမိပါသည်။ ။

◆ စာမျက်နှာ ၅ မှ

ဘဏ္ဍာရေးနှစ် ခွဲဝေခွင့်ပြုငွေကျပ် ၂၁ ဒသမ ၆၀ သန်းဖြင့် ပြောင်းလဲဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဝက်ချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ကို ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ဆောက်လုပ်လှူဒါန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် သံထောင်ရွာ အထက်တန်းကျောင်းအတွက် သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်စာကြည့်တိုက်ဆောင် တစ်ဆောင်နှင့် KG တစ်ထပ်ဆောင်တစ်ဆောင် ဆောက်လုပ်ရန် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေလျာထားချက်တွင် ထည့်သွင်းထားပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်နှင့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) မှ ဦးမိုင်းအုဏ်းခိုင်တို့၏ စက်မှုကဏ္ဍ၊ ပညာရေးကဏ္ဍဆိုင်ရာမေးခွန်းများနှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းအား လွှတ်တော်မှ လက်ခံရရှိကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ဒီဇင်ဘာ ၁ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သူရဇော်-သတင်းစဉ်)**

## သက်ငယ်မုဒိမ်းမှုများ၊ ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်၊ အမြတ်ထုတ်မှုများဆိုင်ရာ အသိပေးချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် နိုင်ငံအတွင်းရှိ ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ၎င်းတို့၏အခွင့်အရေးများအား မြှင့်တင်ရေးတို့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂။ များမကြာမီကာလများမှစတင်၍ လူမှုမီဒီယာများမှတစ်ဆင့်လည်းကောင်း၊ အခြားသော မီဒီယာများမှတစ်ဆင့်လည်းကောင်း ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်၊ အမြတ်ထုတ်မှုဆိုင်ရာဖြစ်စဉ်များ၊ သက်ငယ်မုဒိမ်းမှုများအား ကြားသိလာရသဖြင့် ပြည်သူလူထု စိတ်နှလုံးမချမ်းမြေ့ဖွယ်ရာ ဖြစ်လာရသည်။ ထိုဖြစ်စဉ်များကြောင့် မြန်မာ့လူ့အဖွဲ့အစည်း၏ ဂုဏ်သိက္ခာညှိုးနွမ်းစရာ ဖြစ်လာပြီး နိုင်ငံအတွင်းရှိ ကလေးသူငယ်များ၏ လူမှုရေးဘဝများ လုံခြုံရေးအတွက် ထိပါးလာသည့် အခြေအနေများဖြစ်ပေါ်လာသည်။

၃။ သက်ငယ်မုဒိမ်းမှုများသည် တည်ဆဲဥပဒေအရ ထောင်ဒဏ်နှစ်(၂၀)အထိ ချမှတ်နိုင်သော ပြစ်မှုဖြစ်သည်။ ထိုရာဇဝတ်မှုမြောက်သော ဖြစ်စဉ်များအတွက် တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများက ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အလားတူဖြစ်စဉ်များ လျော့နည်းသွားစေရေး၊ ဖြစ်ပေါ်လာပါက အလျင်အမြန်သိရှိသတင်းပို့တိုင်ကြားနိုင်ရေး၊ ထိခိုက်ခံစားရသော ကလေးသူငယ်များ လိုအပ်မည့် အကူအညီများအား အလျင်အမြန်ပေးနိုင်ရေးနှင့် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရေးတို့ကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

၄။ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ပြည်သူထုထုအနေဖြင့် ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အမြတ်ထုတ်မှုများ ဖြစ်ပေါ်သည်ကို သိရှိပါက သို့မဟုတ် ဖြစ်ပေါ်နေကြောင်း သံသယရှိပါက လူမှုဝန်ထမ်းဦးစီးဌာန၏ အောက်ဖော်ပြပါ တယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်အကြောင်းကြားနိုင်သည်-

၁။ ၀၆၇- ၄၀၄၉၉၉

၂။ ၀၆၇- ၄၀၄၂၂၂

**လူမှုဝန်ထမ်းဦးစီးဌာန**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**



## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Vikram Misri အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ- အိန္ဒိယ နှစ်နိုင်ငံ သမိုင်းအစဉ်အဆက်အရ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ နှစ်နိုင်ငံအနေဖြင့် ဘက်မလိုက် နိုင်ငံခြားရေးမူဝါဒနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်နှင့်အညီ ပူးပေါင်းဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် အတွေ့အကြုံဖလှယ်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အစ္စရေးသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၉**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Daniel Zonshine အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**





## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံအားပေး

**နေပြည်တော် နိုဝင်ဘာ ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ်ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည် မိသားစုများအား သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ခွဲစိတ်ဆောင်တွင် တက်ရောက်ကုသလျက်ရှိသော ရှေ့တန်းစစ်ဆင်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်တို့အား ရင်းနှီးနွေးထွေးစွာတွေ့ဆုံ၍ တစ်ဦးချင်း၏ ထိခိုက်ဒဏ်ရာရရှိမှု၊ ဆေးဝါးကုသမှုအခြေအနေများအား မေးမြန်းပြီး အားပေးစကားပြောကြားကာ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ အထူးကြပ်မတ်ကုသဆောင်တွင် ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးဝါးကုသပေးမှုအခြေအနေကိုကြည့်ရှု၍ မိသားစုဝင်များအား စားသောက်ဖွယ်ရာနှင့် ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော် နိုဝင်ဘာ ၂၉**

ယခုအကြိမ်ကျင်းပသည့် ၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်အတွဲ စုစုပေါင်း ၄၄ တွဲနှင့် ကျောက်စိမ်းအတွဲ စုစုပေါင်း ၄၀၄၁ တွဲကို အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်များဖြင့် ရောင်းချနိုင်ခဲ့သည်။

ယခုကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိ ၁၀ရက်ကြာကျင်းပခဲ့ပြီး ပြပွဲနောက်ဆုံးနေ့တွင် ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ဈေးပြိုင်စနစ်ဖြင့် ရောင်းချရန် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများအား စိတ်ကြိုက်လွတ်လပ်စွာ လှည့်လည်ကြည့်ရှုကြပြီး မိမိတို့ ကြိုက်နှစ်သက်ရာ ကျောက်စိမ်းအတွဲများအား ဈေးပြိုင်စနစ်ဖြင့် အပြိုင်ဝယ်ယူကြရာ ပြပွဲဗဟိုကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများကလိုက်လံကြီးကြပ်၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ယနေ့တွင် အခြေခံဈေးယူရိုငွေ ၂၀၀၀၀၁ နှင့်အထက် တန်ဖိုးသတ်မှတ်ထားသည့် အတွဲအမှတ် ၅၉၅၈ မှ အတွဲအမှတ် ၅၉၈၈ တွဲအထိ စုစုပေါင်း ကျောက်စိမ်းအတွဲ ၃၁ တွဲကို ဈေးပြိုင်စနစ်ဖြင့် နံနက် ၈ နာရီမှစတင်၍ ထပ်မံရောင်းချပေးခဲ့ပြီး ညနေ ၅နာရီခွဲတွင် ၂၀၁၆ခုနှစ် မြန်မာ့နှစ်လယ် ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။

ယခုကျင်းပသည့် ၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိကျင်းပခဲ့ပြီး နိုဝင်ဘာ ၂၂ ရက်တွင် ကျောက်မျက်အတွဲ ၃၀၇ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ကျောက်မျက်အတွဲ ၁၃၂ တွဲကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း စုစုပေါင်းကျောက်မျက်အတွဲ ၄၃၉ တွဲကို ရောင်းချပေးခဲ့ပြီး နိုဝင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ အခြေခံဈေးယူရိုငွေ ၄၀၀၀ မှ ၂၀၀၀၀၀ အထိ တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲများနှင့် အခြေခံဈေးယူရိုငွေ ၁၀၀၀ မှ ၂၀၀၀၀၀ အထိ တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲ ၅၉၂၂ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း ရောင်းချပေးခဲ့သည်။

ထို့အတူ နိုဝင်ဘာ ၂၈ ရက်တွင် အခြေခံဈေးယူရိုငွေ ၂၀၀၀၀၁ နှင့်အထက် တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲ ၃၅ တွဲနှင့် နိုဝင်ဘာ ၂၉ ရက်တွင် ကျောက်စိမ်းအတွဲ ၃၁ တွဲတို့ကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မော်စီ(သတင်းစဉ်)**

## ရှမ်းနှစ်သစ်ကူးပွဲတော် မီးပုံးပျံပြိုင်ပွဲအတွက် အလှူငွေကျပ်သိန်း ၂၀၀ လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂၉**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် နိုဝင်ဘာ ၃၀ ရက်တွင် ကျရောက်မည့် ရှမ်းသက္ကရာဇ် ၂၁၁၁ ခုနှစ်၊ ရှမ်းနှစ်သစ်ကူးပွဲတော် မီးပုံးပျံပြိုင်ပွဲအတွက် အလှူငွေကျပ် သိန်း ၂၀၀ ကို နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက တောင်ကြီးမြို့ ရှမ်းစာပေနှင့်ယဉ်ကျေးမှုဝင်းအတွင်းရှိ ကွင်းပြင်၌ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးခင်အောင်နှင့် ဒေါ်ခင်ဝင်းရီတို့က ရှမ်းနှစ်သစ်ကူးပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဦးစိုင်းထွန်းမြတ်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အလှူငွေပေးအပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးခင်အောင်က ယခုနှစ် ရှမ်းနှစ်သစ်ကူးပွဲတော်ကြီးကို ရှမ်းပြည်နယ်၏ မြို့တော် တောင်ကြီးမြို့၌ လာရောက်ကျင်းပခြင်းအတွက် ရှမ်းတိုင်းရင်းသား တိုင်းရင်းသူများနှင့် တောင်ကြီးမြို့သူ မြို့သားများအားလုံး ပျော်ပျော်ရွှင်ရွှင် စည်စည်ကားကား သိုက်သိုက်ဝန်းဝန်းဖြစ်စေရန် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ စီစဉ်ညွှန်ကြားမှုဖြင့် လှူဒါန်းရခြင်းဖြစ်ကြောင်း၊ ရှမ်းနှစ်သစ်ကူးပွဲတော်ကြီးတွင် ပါဝင်ယှဉ်ပြိုင်နေကြသည့် မီးပုံးပျံဝါသနာရှင်များကို ဆုချီးမြှင့်ပေးနိုင်ရန်အတွက် ရည်ရွယ်ပြီး လှူဒါန်းရခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဖောင်ဒေးရှင်းအနေဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီပါဝင်ခဲ့ရသည့်အတွက်လည်း ဝမ်းသာပီတိဖြစ်မိပါကြောင်း၊ ဖောင်ဒေးရှင်းအနေဖြင့် ယခင်နှစ်ကလည်း ရှမ်းနှစ်သစ်ကူးပွဲတော်အတွက် ပံ့ပိုးကူညီလှူဒါန်းခဲ့ပါကြောင်း၊ ယခုနှစ် ရှမ်းနှစ်သစ်ကူးတွင် ရှမ်းတိုင်းရင်းသား တိုင်းရင်းသူများအပြင် ပြည်သူပြည်သားများအားလုံး အေးချမ်းပျော်ရွှင်ကြပါစေကြောင်း ပြောကြားခဲ့သည်။ အဆိုပါလှူဒါန်းငွေများကို ရှမ်းနှစ်သစ်ကူးပွဲတော် မီးပုံးပျံပြိုင်ပွဲ၏ ဆုချီးမြှင့်ငွေများအဖြစ် ပြန်လည်အသုံးပြုသွားမည်ဟု သိရသည်။

အလားတူ ရှမ်းနှစ်သစ်ကူး အထိမ်းအမှတ်အဖြစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၏ဇနီး၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ နာယက ဒေါ်နန်းရွှေမြင့်နှင့်အဖွဲ့ဝင်များ၊ ဖောင်ဒေးရှင်းမှတာဝန်ရှိသူများသည် ရှမ်းပြည်နယ် တောင်ကြီးမြို့ ရှမ်းရိုးမဘိုးဘွားရိပ်သာရှိ ဘိုးဘွားများနှင့် တောင်ကြီးမြို့ အမျိုးသမီးလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာရှိ အမျိုးသမီးများအတွက် ခေါင်းစွပ်ပါအနွေးထည်များကိုလည်း နိုဝင်ဘာ ၂၉ ရက်က သွားရောက်လှူဒါန်းခဲ့သည်။

ဖောင်ဒေးရှင်းအနေဖြင့် ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိ ခေါင်းစွပ်ပါအနွေးထည် ၂၀၅၀၀၀ ကို ပြည်ပမှ မှာယူလှူဒါန်းလျက်ရှိရာ အနွေးထည်စုစုပေါင်း ၁၆၀၀၀၀ ကို လှူဒါန်းထားပြီး ကျန်ရှိနေသေးသော အအေးဒဏ်လွန်ကဲသည့်ဒေသများမှ ပြည်သူများအတွက် ဆက်လက်လှူဒါန်းလျက်ရှိကြောင်း၊ ဖောင်ဒေးရှင်းစတင်ဖွဲ့စည်းတည်ထောင်သည့် ၂၀၀၇ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်နှင့် ပြည်သူအကျိုးပြုလုပ်ငန်းများအတွက် ငွေကျပ် ၁၁၀ ဘီလီယံကျော် လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

**(ဖိုးရှမ်းလေး)**

❑



# နိုင်ငံတော်နှင့် အခြားအဖွဲ့အစည်းများက တက်ကြွစွာကူညီဆောင်ရွက်ပေးသလို မသန်စွမ်းသူများကိုယ်တိုင်ကလည်း တက်တက်ကြွကြွ ပါဝင်ဖို့လိုအပ်

## သတင်းဆောင်းပါး-နိုင်လင်းကြည်

## ဓာတ်ပုံ-ကိုမင်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး။

"မသန်စွမ်းတွေနဲ့ ပတ်သက်လို့ရှိရင် ကျွန်တော်တို့ တစ်ဦးချင်းစီကနေပြီးတော့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအပိုင်းကို ဆောင်ရွက်တိုင်းမှာ မသန်စွမ်းတွေအတွက် ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ အဲဒီလို စဉ်းစားဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့အနေနဲ့ အခက်အခဲအဟန့်အတားတွေ ကြုံတွေ့လာနိုင်ပါတယ်။ အဲဒါတွေကို ကျော်လွှားပြီး မသန်စွမ်းသူများရဲ့အခွင့်အရေး အပြည့်အဝရရှိဖို့ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ နည်းပညာတွေလိုအပ်လာနိုင်ပါတယ်။ မသန်စွမ်းသူများရဲ့ အခွင့်အရေးကို အပြည့်အဝ ဆောင်ရွက်ပေးဖို့ ကြိုးစားဆောင်ရွက်ရမှာဖြစ်ပါတယ်" ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၃ ရက်သည် ကုလသမဂ္ဂက ဆုံးဖြတ်သတ်မှတ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ဖြစ်သည်။ အဆိုပါနေ့ကို ၁၉၉၂ ခုနှစ် အောက်တိုဘာလ ၁၄ ရက်တွင် ကျင်းပခဲ့သည့် (၄၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက် အပိုဒ် (၄၇/၃)ဖြင့် နှစ်စဉ် ဒီဇင်ဘာ ၃ ရက်ကို အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ကမ္ဘာတစ်ဝန်းတွင်လည်း အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အခမ်းအနားကို ၁၉၉၂ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခု ၂၀၁၆ ခုနှစ်တွင် (၂၅)ကြိမ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ထို့အတူ မြန်မာနိုင်ငံသည်လည်း ၁၉၉၄ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အခမ်းအနားကို စတင်ကျင်းပခဲ့ရာ ယခုနှစ်သည် မြန်မာနိုင်ငံအတွက် (၂၃)ကြိမ်မြောက် အခမ်းအနားလည်းဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ထိုသို့ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက"ကျွန်တော်တို့အနေနဲ့ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို ကျင်းပရတဲ့ ရည်ရွယ်ချက်ရှိပါတယ်။ ဘာလို့လဲဆိုရင် မသန်စွမ်းသူများရဲ့ကိစ္စကို အားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်တယ်။ ကျွန်တော်တို့ရဲ့ရင်ထဲမှာ မသန်စွမ်းသူများဆိုတာ ရှိတယ်ဆိုတဲ့အကြောင်း ဖော်ပြချင်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ဖွံ့ဖြိုးရေးဆိုတာ ရပ်တန့်သွားလို့မရပါဘူး။ ဆုတ်ယုတ်သွားလို့လည်းမရပါဘူး။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေရမှာဖြစ်ပါတယ်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်တဲ့နေရာမှာ အားလုံးပါဝင်ရမှာဖြစ်ပါတယ်။ အားလုံးထဲမှာ မသန်စွမ်းသူများလည်း ပါဝင်တာဖြစ်ပါတယ်။ ရင်ဆိုင်ကျော်လွှားရမယ့်ကိစ္စတွေ အများကြီးရှိပါတယ်။ အဲဒါကြောင့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အခမ်းအနားမှာ ပြည်သူလူထုအားလုံးဟာ မသန်စွမ်းတွေအတွက် ကျွန်တော်တို့ရဲ့ရည်မှန်းထားတဲ့ ပန်းတိုင် (၁၇) ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာတိုင်းမှာ မသန်စွမ်းသူများအတွက် ထည့်သွင်းစဉ်းစားပေးပါလို့ ပြောချင်ပါတယ်"ဟု ရှင်းပြသည်။

ထို့ပြင် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့(၂၀၁၆)ကို အနာဂတ်တွင် မသန်စွမ်းသူများအတွက် ပိုမိုပေါင်းစည်းပါဝင်နိုင်သော အခြေခံအုတ်မြစ်ချမှတ်နိုင်ရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ(၂၀၁၆-၂၀၃၀) ပြည့်မီစေရေး ဆောင်ရွက်ရာတွင် မသန်စွမ်းသူများ၏ အရေးကိစ္စတို့ကို ထည့်သွင်းရန်နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအကောင်အထည်ဖော်ဆောင်ရွက်မှုတို့ကို အကဲဖြတ်သုံးသပ်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ကြီး၏ လူသားအကျိုးပြုမွန်မြတ်သော လုပ်ငန်းတိုင်းတွင် တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်မြဲဖြစ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်းရှိ မသန်စွမ်းသူများ၏ ဘဝအရည်အသွေးပိုမိုဖွံ့ဖြိုးလာစေရန်၊ အများပြည်သူနည်းတူ တန်းတူညီမျှ အခွင့်အရေးရရှိရေးကြိုးပမ်းဖော်ဆောင်ရန်၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်တို့ကို အလေးဂရုပြုတတ်စေရန် စသည့်ရည်ရွယ်ချက်များနှင့်အညီ ၁၉၉၄ ခုနှစ်မှစတင်ကာ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ခြင်းလည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ယခုနှစ်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အခမ်းအနားတွင် ပြည်သူလူထုအနေဖြင့် မသန်စွမ်းသူများအပေါ် ထားရှိသည့် လွဲမှားသောခံယူချက်များ၊ အယူအဆအတွေးအခေါ်များ၊ စိတ်နေသဘောထားများကို ဖယ်ရှားပြီး အပြုသဘောဆောင်သည့် ရှုထောင့်သစ်၊ အမြင်သစ်ဖြင့် နားလည်လက်ခံလာစေရန်၊ မသန်စွမ်းသူများနှင့်ပတ်သက်သည့် အရေးကိစ္စသည် လူမှုရေးလုပ်ငန်းပရဟိတများနှင့် သက်ဆိုင်သည်သာမက လူ့အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံးနှင့် သက်ဆိုင်သည့် လူမှုဖွံ့ဖြိုးရေးကိစ္စတစ်ရပ်ဖြစ်ကြောင်းသိမြင်လာစေရန်တို့သည်လည်း အဓိကအကြောင်းတရားများဖြစ်သည်။

မသန်စွမ်းသူများသည် လူ့အသိုင်းအဝိုင်းအတွင်း တန်းတူပါဝင်ခွင့်ရရှိခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အားကြိုးမာန်တက် ပါဝင်ဆောင်ရွက်သူများဖြစ်လာစေရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုတွင် မသန်စွမ်းသူများ၏ အရေးကိစ္စတို့ကို ထည့်သွင်းဆောင်ရွက်ရန်နှင့် မသန်စွမ်းသူများအတွက် နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပြုစီမံဆောင်ရွက်မှုတို့ကို ပိုမိုမြှင့်တင်ဆောင်ရွက်ရန်လည်း အရေးကြီးသည့် အကြောင်းချင်းရာတစ်ခုဖြစ်သည်။

ထို့ကြောင့် မသန်စွမ်းသူများကို သန်စွမ်းသူများနည်းတူ အလေးထားလျက်ရှိသော တာဝန်ရှိသူများအပိုင်းကလည်း ယခင်နှစ်များက မသန်စွမ်းသူများအတွက် ဆောင်ရွက်ပေးသည့် ပုဂ္ဂလိကကဏ္ဍအား ချီးမြှင့်မှုများအဖြစ် မသန်စွမ်းသူများသွားလာဆက်သွယ်မှု အဆင်ပြေလွယ်ကူစေရန်ဆောင်ရွက်ပေးသည့် ဈေးဝယ်စင်တာအဖြစ် စိန်ဂေဟာစူပါမားကက်၊ နေပြည်တော် အောင်သပြေရုပ်ရှင်ရုံ၊ အလုပ်အကိုင်အခွင့်အလမ်းအတွက် ဆူးလေရှန်ဂရီလာဟိုတယ်၊ ဂန်းကီမျက်မမြင်အကြောပြင်လုပ်ငန်းနှင့် အေအန်တီအထည်ချုပ်စက်ရုံတို့ကိုလည်း နှစ်အလိုက်ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယခု ၂၀၁၆ ခုနှစ်အတွက် ဆုများသတ်မှတ်ခြင်းနှင့် ရွေးချယ်ခြင်းကို လူမှုဝန်ထမ်းဦးစီးဌာနနှင့်အတူ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ ဦးဆောင်ကာ မသန်စွမ်းအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၏ ညှိနှိုင်းဆောင်ရွက်မှုဖြင့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာဆောင်ရွက်မှုထူးချွန်ဆု၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးမှုဆု၊ မသန်စွမ်းသူများဆိုင်ရာ မီဒီယာဆု၊ မသန်စွမ်းသူများအတွက် လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာ စွမ်းဆောင်မှုဆုနှင့် ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ထူးချွန်ဆု စသည့်ဆုများကိုလည်း ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်သည်။

မသန်စွမ်းသူများအတွက် ပညာသင်ကြားခွင့်၊ အလုပ်အကိုင်အခွင့်အလမ်း၊ လူမှုအသိုက်အဝန်းအတွင်း ဝင်ဆံ့နိုင်မှု စသည်တို့တွင် ယခင်က နောက်ကျနေခဲ့သည့်အပြင် လက်ရှိအချိန်တွင်လည်း ထိရောက်မှုမရှိသေးသည်များရှိနေပြီး ကျေးလက်ဒေသများရှိ မသန်စွမ်းသူများမှာ မိမိတို့၏ ပတ်ဝန်းကျင်တွင် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။ ထိုသို့ ကျေးလက်ဒေသများတွင် လုပ်ကိုင်ဆောင်ရွက်ပေးနိုင်မှုအားနည်းခဲ့သော်လည်း အများပြည်သူနှင့် ကျောင်းသားလူငယ်များအကြား မသန်စွမ်းမှုအသိပညာတိုးပွားစေရန် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်အဖြစ် စာစီစာကုံးပြိုင်ပွဲများနှင့် ဆောင်းပါးပြိုင်ပွဲများကျင်းပပေးခဲ့သည်။ ယခုနှစ်တွင်လည်း စာစီစာကုံးပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအဆင့် ကျင်းပပေးခဲ့သည့်အပြင် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကိုလည်း ဗဟိုအဆင့်အထိ ကျင်းပပေးခဲ့ကြောင်း သိရသည်။

မသန်စွမ်းသူများအား လူမှုအသိုင်းအဝန်းအတွင်း သာမန်သန်စွမ်းသူများကဲ့သို့ လူ့အခွင့်အရေးမဆုံးရှုံးစေရန်၊ အခွင့်အရေးတန်းတူရရှိနိုင်ရေးနှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် ပေါင်းစည်းပါဝင်နိုင်ရေးတို့အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်းအား ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် အတည်ပြုလက်မှတ်ရေးထိုးထားနိုင်ခဲ့သည်။

ထိုသို့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သော်လည်း အခွင့်အရေးတန်းတူရရှိရေးအတွက်မူ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကြည့်ရှုစောင့်ရှောက်နိုင်မှသာလျှင် တူညီသောအခွင့်အရေးရရှိနိုင်မည်ဖြစ်သည့်အပြင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းကိုလည်း ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်လည်း အရေးကြီးပေသည်။

ထိုသို့ အကောင်အထည်ဖော်နိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအား ဆက်စပ်အစိုးရဌာနအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မသန်စွမ်းများ၏ အဖွဲ့အစည်းများမှ ခေါင်းဆောင်များကိုယ်တိုင် ပါဝင်ဆွေးနွေးရေးဆွဲခဲ့ပြီး ၂၀၁၅ ခုနှစ် ဇွန် ၅ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၏ ရည်ရွယ်ချက်များမှာ နိုင်ငံသားများရရှိသည့် အခြေခံလူ့အခွင့်အရေးများ တန်းတူအခွင့်အရေးရရှိရန်၊ လူမှုစီးပွားရေးအခြေအနေများတွင် တန်းတူပေါင်းစည်းပါဝင်ခွင့်ရရှိရန်၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းရည်နှင့် စွမ်းဆောင်နိုင်မှုများကို နိုင်ငံတော်နှင့် နိုင်ငံသားတို့က အသိအမှတ်ပြုရန်၊ မသန်စွမ်းသူများ၏ လူနေမှုဘဝလုံခြုံစိတ်ချမှုရှိစေရန်၊ မသန်စွမ်းသူများအား ခွဲခြားဆက်ဆံမှုပပျောက်စေရန်နှင့် ခွဲခြားဆက်ဆံမှုများကို ဥပဒေအရ အကာအကွယ်ပေးရန်၊ မသန်စွမ်းသူများအား အကြမ်းဖက်မှုအမျိုးမျိုးမှ အကာအကွယ်ပေးရန်၊ မိဘမဲ့၊ ခိုကိုးရာမဲ့၊ မသန်စွမ်းမှုတစ်မျိုးထက်ပိုသူများကို နိုင်ငံတော်က အကာအကွယ်ပေးရန် စသည်တို့ဖြစ်သည်။

ထို့ပြင် မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက်လည်း နိုဝင်ဘာ ၂၈ ရက်တွင် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်က ဦးဆောင်သည့် မသန်စွမ်းသူကိုယ်စားလှယ်များကိုယ်တိုင် ပါဝင်ရေးဆွဲလျက်ရှိသည်။

မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေကို ၂၀၁၇ ခုနှစ် မတ်လနောက်ဆုံးထားပြီး အပြီးသတ်ရေးဆွဲပေးမည်ဆိုသည်ကိုလည်း လွှတ်တော်တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဖြေကြားထားပြီး လွှတ်တော်က မှတ်တမ်းတင်ထားကြောင်း သိရသည်။ နည်းဥပဒေရေးဆွဲတာ ခြောက်လကျော်သွားပြီဖြစ်ပေမယ့် အချိန်အနည်းငယ်ကြာသွားသည့်အတွက် ပိုမိုပြည့်စုံကောင်းမွန်တဲ့အချက်အလက်များ ပါဝင်ထည့်သွင်းရေးဆွဲနိုင်မည်ဟုလည်း ယုံကြည်ပါသည်။ ထိုသို့ မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော်လည်း နိုင်ငံတော်ပိုင်းအနေဖြင့် မူဝါဒရေးဆွဲရုံမျှမက ဘတ်ဂျက်တွေမှာပါ ပိုမိုသုံးစွဲပေးဖို့လိုအပ်ပေသည်။ ဥပဒေနှင့် မူဝါဒတချို့ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သော်လည်း အောက်ခြေတွင် ဘတ်ဂျက်မရှိသည့်အတွက် အကောင်အထည်မဖော်ပေးနိုင်သည့် အားနည်းချက်များရှိနေကြောင်း မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏ စီအီးအိုဖြစ်သူ ဦးနေလင်းစိုးက သုံးသပ်ထားသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ NGO များ၊ ပြည်တွင်းလူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်းများက ကိုယ်တိုင်ဆောင်ရွက်နေသည့် နယ်ပယ်ကဏ္ဍအသီးသီးတွင် မသန်စွမ်းသူများနှင့်ပတ်သက်ပြီး ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါက ပိုမိုကောင်းမွန်သည့်အနေအထားတစ်ခု ရောက်ရှိလာမည်ဖြစ်ပြီး နိုင်ငံတော်အပိုင်းနှင့် အခြားသောအဖွဲ့အစည်းများက တက်ကြွစွာ ကူညီဆောင်ရွက်ပေးနေသလို မသန်စွမ်းသူများကိုယ်တိုင်ကလည်း တက်တက်ကြွကြွပါဝင်ဖို့ လိုအပ်ပေသည်။

---

**✻ နိုင်ငံတကာမှ**

ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများမှ ပြည်သူလူထုများအပေါ် တာဝန်ခံမှုရှိရမည်ဖြစ်ကြောင်း။

လုပ်ငန်းများဆောင်ရွက်ရာတွင် အားလုံးပါဝင်နိုင်ရေးဟူသည့် သဘောတရားအရ DACU သည် မြန်မာနိုင်ငံတွင်ရှိသည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအားလုံးနှင့် ပုံမှန်ထိတွေ့ဆွေးနွေးမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းအားလုံးဆိုရာတွင် traditional omru non traditional မိတ်ဖက်များလည်း ပါဝင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပုဂ္ဂလိကအခန်းကဏ္ဍမှာ အလွန်အရေးကြီးသည်ကို အသိအမှတ်ပြုထားကြောင်း၊ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ (basic infrastructure) လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ အထောက်အပံ့နှင့် ချေးငွေများကိုသာ အားကိုးနေ၍မရကြောင်း၊ မြန်မာနိုင်ငံအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများရရှိလာစေရန် အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအားလုံး အတူတကွ ညှိနှိုင်းဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် တန်ဖိုးရှိသည့် အကူအညီများကို အမျိုးသားအဆင့် ဦးစားပေးလုပ်ငန်းများနှင့် ကိုက်ညီလာရေးအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ INGO များ၊ ပြည်တွင်းပြည်ပ အလှူရှင်များနှင့် ပိုမိုပေါင်းစည်းညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

DACU ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနက ကူညီပံ့ပိုးပေးမည်ဖြစ်သည့်အပြင် မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း (Myanmar Development Institute) ၏ အကူအညီကိုလည်း ရယူသွားမည်ဖြစ်ကြောင်း၊ DACU လုပ်ငန်းစဉ်၏ အဓိကရည်မှန်းချက်မှာ ကမ္ဘာတစ်ခုလုံးမှ မိတ်ဆွေများအားလုံး၏ ရက်ရောသည့် စိတ်စေတနာနှင့် ထောက်ပံ့ကူညီမှုများသည် မြန်မာနိုင်ငံမှ ပြည်သူလူထု၏ အနာဂတ်ဘဝတိုးတက်ရေးအတွက် အထိရောက်ဆုံး သုံးစွဲနိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# မောင်တောခရိုင်တွင် မိုးစပါးများရိတ်သိမ်း၊ ဆောင်းသီးနှံစိုက်ပျိုးရန် ပြင်ဆင်

**မောင်တော နိုဝင်ဘာ ၂၉**

မောင်တောခရိုင်တွင် မိုးစပါးများ ရိတ်သိမ်းလျက်ရှိပြီး ဆောင်းသီးနှံများ စတင်စိုက်ပျိုးရန် ပြင်ဆင်နေပြီဖြစ်ကြောင်း မောင်တောခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသာကျော်က ပြောကြားသည်။

မောင်တောခရိုင်တွင် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ် နှစ်မြို့နယ်ပေါင်း စပါးစိုက်ဧက ၁၅၁၉၅၃ ဧကရှိသည့်အနက် ၆၆၆၇၉ ဧက ရိတ်သိမ်းခဲ့ပြီး စပါး ၄၅၂၁၄၉၅ တင်းထွက်ရှိကြောင်း၊ စပါးရိတ်ပြီး လယ်ကွက်များတွင် ဆောင်းသီးနှံများဖြစ်သော အာလူး၊ ဆီမုံညင်း၊ ဆီထွက်သီးနှံများ၊ ပဲအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များ စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးသာကျော်က ပြောကြားခဲ့ခြင်းဖြစ်သည်။

"နွေစပါးကတော့ ဒီဇင်ဘာလမှာ ပျိုးထောင်ပြီး ဇန်နဝါရီလလောက်မှာ စတင်စိုက်ပျိုးကြမှာပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရွှေဇားကျေးရွာအုပ်စု ကညင်ချောင်းကျေးရွာမှ စပါးစိုက်တောင်သူတစ်ဦးဖြစ်သည့် ဦးသောင်းထွန်းက "ကျွန်တော်ကတော့ လယ် ၁၅ ဧကလောက် ပိုင်ပါတယ်။ ရေငန်ပိုင်းဆိုတော့ တစ်ဧက တင်း ၄၀ လောက်ပဲ ထွက်ပါတယ်။ စပါးရိတ်ဖို့အတွက် အလုပ်သမားတစ်ယောက်ကို တစ်နေ့ထမင်း သုံးနပ်ကျွေး ၇၀၀၀ ပေးခေါ်ရပါတယ်။ ကွမ်း၊ ဆေးလိပ်ပါ ပါရင် တစ်ယောက်ကို ၉၅၀၀ လောက်ကျပါတယ်။ လယ်တော်တော်များများကတော့ ရိတ်ပြီးပါပြီ။ တစ်နှစ်ကို စပါးတင်း စုစုပေါင်း ၁၅၀၀၊ ၂၀၀၀ နီးပါးလောက် ရပါတယ်"ဟု ပြောကြားသည်။

မောင်တောခရိုင်တွင် စိုက်ပျိုးသည့် ထွက်နှုန်းကောင်းသော စပါးမျိုးများမှာ ရတနာအောင်၊ သီးထပ်ရင်၊ ဆင်းသွယ်လတ်၊ မနော်ဟာရီ၊ မနောသုခ၊ ပုလဲသွယ်၊ ရတနာတိုးတို့ဖြစ်ပြီး ဒေသမျိုးမှာ ငစိန်၊ မြီးတုံး၊ ကောက်ညှင်းနှင့် တောင်ယာစပါးများဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးရုံးမှ သိရသည်။ **(အေဝမ်းစိုး)**



# မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်း အမြန်ဆုံးဖွင့်လှစ်ရန် ပို့ကုန်လုပ်ငန်းရှင်များ မျှော်လင့်

**မောင်တော နိုဝင်ဘာ ၂၉**

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှုနှင့် နောက်ဆက်တွဲ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ခေတ္တရပ်နားထားရသော မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်းကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြီး ပို့ကုန်များ အမြန်တင်ပို့သွားနိုင်ရန် မျှော်လင့်ထားကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောသည်။



"အောက်တိုဘာ ၉ ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးတဲ့နောက် မောင်တော နယ်စပ်ကုန်သွယ်ရေးကို ရပ်နားထားခဲ့ရပါတယ်။ မဖြစ်မနေတင်ပို့ရမယ့် ရေထွက်ပစ္စည်းတွေကိုတော့ တစ်ဖက်နိုင်ငံနဲ့ ချိတ်ဆက်ပြီး အောက်တိုဘာ ၁၄ ရက်ကနေ ၁၈ ရက်အထိ ပြန်လည်တင်ပို့ခဲ့ပြီး အခြေအနေအရ ရပ်နားထားရပါတယ်။ ဒီလိုရပ်နားထားရတဲ့အတွက် အလယ်အလတ်ကုန်သည်တွေ ထိခိုက်မှုမရှိပေမယ့် ရွှေ့လို့ပြောင်းလို့မလွယ်တဲ့ ဝါးလုံးလို ပို့ကုန်တွေမပို့နိုင်တဲ့အတွက် ရေရှည်မှာ ထိခိုက်မှုရှိနိုင်ပါတယ်။ ဝါးလုံးပို့ကုန်တွေ မပို့နိုင်တဲ့အတွက် တန်ဖိုးအားဖြင့် သိန်းထောင်ချီ ထိခိုက်မှုရှိလာနိုင်ပါတယ်။ ကုန်သည်တွေရဲ့ ပြောဆိုချက်အရ ဝါးတွေက အိကျလာပြီလို့ဆိုပါတယ်။ ကြာကြာထားမယ်ဆိုရင် ပို့ကုန်တွေဟာ အဆင်ပြေမှာ မဟုတ်တော့ပါဘူး။ ရေရှည်မှာဆိုရင်တော့ ပုစွန်ပို့ကုန်ရာသီဖြစ်တဲ့အတွက် အချိန်မီပြန်ပို့နိုင်ခြင်းမရှိဘူးဆိုရင် အစာစရိတ်တွေ၊ ထိန်းသိမ်းစရိတ်တွေ ကုန်ကျမှာဖြစ်တဲ့အတွက် ထိခိုက်မှုရှိနိုင်ပါတယ်။ လက်ရှိအခြေအနေမှာတော့ ဆက်လက်တည်ငြိမ်မှုရှိနေမယ်ဆိုရင် နယ်စပ်ဂိတ်ကို ပြန်ဖွင့်ဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်"ဟု ဦးအောင်မြင့်သိန်းက ပြောသည်။

ရခိုင်ပြည်နယ်တွင် စစ်တွေနှင့် မောင်တော နယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုရှိပြီး မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှာ နယ်မြေလုံခြုံရေးအခြေအနေအရ ပိတ်ထားရဆဲဖြစ်သည်။ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေချို၊ ရေငန်ပုစွန်နှင့် ငါးခြောက်များ၊ ဝါးလုံးများ အဓိကတင်ပို့ရာ နယ်စပ်စခန်းတစ်ခုဖြစ်ကြောင်း၊ ယခုနှစ် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်အမေရိကန်ဒေါ်လာ ခြောက်သန်းဖိုးတင်ပို့ရန်လျာထားရာမှ နိုဝင်ဘာလလယ်အထိ စာရင်းများအရ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၂၀ သန်းအထိ တင်ပို့နိုင်ပြီဖြစ်ကြောင်း၊ လာမည့် ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လကုန်အထိ ပို့ကုန်လျာထားချက်ကို ပြည့်မီအောင် တင်ပို့သွားနိုင်ရန် မျှော်လင့်ထားကြောင်း၊ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းသည် တစ်နိုင်ငံလုံးရှိ နယ်စပ်ကုန်သွယ်ရေးစခန်း ကိုးခုရှိသည့်အနက် ပို့ကုန်အသာစီးအရဆုံး နယ်စပ်ကုန်သွယ်ရေးစခန်းဖြစ်ကြောင်း သိရသည်။

**သတင်း - မြင့်မောင်စိုး**
**ဓာတ်ပုံ - အေဝမ်းစိုး**

# ရသေ့တောင်မြို့နယ်အတွင်း ကိုးတန်ကောက်နှင့် ချိန်ခါလီကျေးရွာအုပ်စုများသို့ WFP မှ ရိက္ခာများထောက်ပံ့ရန်စီစဉ်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်ရှိ ကိုးတန်ကောက်ကျေးရွာအုပ်စုနှင့် ချိန်ခါလီကျေးရွာအုပ်စုရှိ အိမ်ထောင်စု ၄၂၄ စု အတွက် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)မှ စားနပ်ရိက္ခာများ ထောက်ပံ့ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

ရသေ့တောင်မြို့နယ် ကိုးတန်ကောက်ကျေးရွာအုပ်စုရှိ အိမ်ထောင်စု ၃၂၁ စု လူဦးရေ ၁၇၅၇ ဦးနှင့် ချိန်ခါလီကျေးရွာအုပ်စုရှိ အိမ်ထောင်စု ၁၉၃ စု လူဦးရေ ၁၄၉၇ ဦး စုစုပေါင်း အိမ်ထောင်စု ၄၂၄ စု လူဦးရေ ၃၂၅၄ ဦးတို့အတွက် မောင်တောမြို့နယ် ရွှေဇားကျေးရွာရှိ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP) ရိက္ခာဂိုဒေါင်မှ စားနပ်ရိက္ခာများထောက်ပံ့ပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့သော အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှုနှင့် နောက်ဆက်တွဲအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များဖြစ်ပွားပြီးနောက် နိုဝင်ဘာ ၈ ရက်မှစတင်၍ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော WFP, UNHCR, UNOCHA တို့က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးအပ်လျက်ရှိသကဲ့သို့ နိုင်ငံတော်အစိုးရ၊ ရခိုင်ပြည်နယ်အစိုးရနှင့် စေတနာရှင်ပြည်သူများကလည်း အလှူငွေ၊ စားနပ်ရိက္ခာနှင့် ကူညီထောက်ပံ့မှုများ ပေးအပ်လျက်ရှိသည်။ **(သတင်းစဉ်)**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ခိုးထွက်ရန်ကြိုးစားသူ ၁၀ ဦး ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

မောင်တောမြို့နယ်ရှိ နယ်စပ်ခြံစည်းရိုးအနီးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ခိုးထွက်ရန်ကြိုးစားသူ ၁၀ ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ယမန်နေ့ညပိုင်းတွင် ဖမ်းဆီးခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ ည ၁၂ နာရီခန့်က မောင်တောမြို့နယ် ရေတွင်းကျွန်းကျေးရွာအနောက်ဘက်ရှိ နယ်စပ်ခြံစည်းရိုးအနီးတွင် မသင်္ကာဖွယ်ရာဓာတ်မီးရောင်များတွေ့ရှိ၍ သွားရောက်ရှင်းလင်းခဲ့ရာ ရေတွင်းကျွန်းကျေးရွာမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ခိုးထွက်ရန်ကြိုးစားနေသူ ၁၀ ဦးအား ဖမ်းဆီးရမိသဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဘားအံမြို့ ခွယ်ကဘောင်ပညာဉယျာဉ် ဘုန်းတော်ကြီးကျောင်း၌ အစာအဆိပ်သင့်မှုဖြစ်ပွား

**ဘားအံ နိုဝင်ဘာ ၂၉**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် လုပ်သားလမ်းရှိ ခွယ်ကဘောင်ပညာဉယျာဉ် ဘုန်းတော်ကြီးကျောင်းတွင် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဓမ္မစကူးလ်ကျောင်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ကျောင်းသားကျောင်းသူ ၁၃၃ ဦးခန့် တက်ရောက်သင်ကြားလျက်ရှိကြပြီး စေတနာရှင်၊ အလှူရှင်များ စုပေါင်း၍ အာဟာရဖြစ်အစားအစာများ တည်ခင်းကျွေးမွေးလေ့ရှိရာ နိုဝင်ဘာ ၂၇ ရက် နံနက် ၁၁ နာရီက ဇွဲကပင်-၂ ကုန်းမိသားစုများအဖွဲ့က ကျွေးမွေးသည့် ခေါက်ဆွဲကြော်နှင့် သခွားချဉ်စားသုံးမိရာမှ အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ကြကြောင်း သိရသည်။

နိုဝင်ဘာ ၂၈ ရက် ကျောင်းချိန်တွင် ကျောင်းသား ကျောင်းသူများ ကျောင်းသို့ရောက်ရှိလာခြင်းမရှိသဖြင့် စုံစမ်းမေးမြန်းရာ ကလေးများ ဖျား၊ တုန်ချမ်း၊ အန်၊ ဝမ်းသွားနေကြသဖြင့် ကျောင်းတက်နိုင်ခြင်းမရှိသည်ကို သိရှိရပြီး အမှတ်(၁၃)ကျောင်းအုပ်ဆရာမကြီးက နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ကျောင်းကျန်းမာရေးဌာနသို့ အကြောင်းကြားသဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးရာမှ အစာအဆိပ်သင့်မှုဖြစ်ပွားကြောင်း သိရသည်။

အစာအဆိပ်သင့်မှုကြောင့် အမက(၁၃)ကျောင်းမှ ကျောင်းသားကျောင်းသူ ၄၇ ဦး၊ အမက(၈)ကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၆ ဦး၊ အထကခွဲ(၃)မှ နှစ်ဦး၊ အထက(၄)ကျောင်းမှ ငါးဦး၊ ပြင်ပအရပ်သားလူကြီးတစ်ဦး၊ ကလေးလေးဦး၊ ခွယ်ကဘောင်ပညာဉယျာဉ် ဘုန်းတော်ကြီးကျောင်းမှ ဆရာတော်တစ်ပါး၊ ကိုရင် ၁၉ ပါး၊ ဝိုင်းဝန်းလုပ်ကိုင်သူသုံးဦး၊ ဓမ္မစကူးလ်ဆရာမနှစ်ဦး စုစုပေါင်း ၁၁၀ တို့ ကိုယ်ပူပြီးတုန်ချမ်းကာ အဖျားတက်ခြင်း၊ ဝမ်းသွားခြင်း၊ အော့အန်ခြင်းနှင့် ဗိုက်အောင့်ခြင်း စသည့်ရောဂါဝေဒနာများ ခံစားကြရကြောင်း သိရသည်။

ထိုသို့အစာအဆိပ်သင့်ဖြစ်ပွားမှုကို ဘားအံပြည်သူ့ဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာငွေငွေဝင်းနှင့်အဖွဲ့က အမက(၁၃)မူလတန်းကျောင်းတွင်လည်းကောင်း၊ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာခင်မိုးအေးနှင့်အဖွဲ့က အမက(၈)ကျောင်းတွင် လည်းကောင်း၊ ဘားအံပြည်သူ့ဆေးရုံကြီးမှ အထွေထွေရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာမြတ်ကောင်းနှင့်အဖွဲ့က ဆေးဝါးကုသပေးခဲ့ကြပြီး ဘားအံခရိုင်အုပ်ချုပ်ရေးမှူး၊ ဘားအံမြို့နယ် အုပ်ချုပ်ရေးမှူး၊ ဘားအံမြို့နယ်ပညာရေးမှူးနှင့်တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိသည်။



အဆိုပါ အစာအဆိပ်သင့်သူများအနက် ကိုရင်နှစ်ပါးနှင့် မူလတန်းကျောင်းသား သုံးဦးတို့မှာ နိုဝင်ဘာ ၂၈ ရက်က ဘားအံပြည်သူ့ဆေးရုံတွင် အတွင်းလူနာများအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြပြီး နိုဝင်ဘာ ၂၉ ရက်တွင် အစာအဆိပ်သင့်သူများအနက် ငါးဦးထပ်မံ၍ အတွင်းလူနာများအဖြစ် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

ပြည်တွင်းရေးရာ

# ရှမ်းတိုင်းရင်းသားတို့ရိုးရာ နှစ်သစ်ကူးပွဲတော် တောင်ကြီးမြို့၌ စည်ကားစွာကျင်းပ



**တောင်ကြီး နိုဝင်ဘာ ၂၉**

ရှမ်းသက္ကရာဇ် ၂၁၁၁ခုနှစ် ရှမ်းတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်ကို တောင်ကြီးမြို့ ရှမ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ခန်းမဝင်းအတွင်းနှင့် တောင်ကြီးမြို့ အဝေယာကုန်းသာယာမီးပုံးပျံလွှတ်ကွင်းတို့၌ နိုဝင်ဘာ ၂၇ ရက်မှစတင်၍ နှစ်နေရာခွဲကာ ကျင်းပခဲ့သည်။

နိုဝင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီက တောင်ကြီးမြို့ ကျိုင်းတုံ ရှမ်းဘုန်းတော်ကြီးကျောင်းတိုက်တွင် စုရပ်ထားကာ တောင်ကြီးမြို့ပေါ်နှင့် ပတ်ဝန်းကျင်မြို့များ၊ ကျေးရွာများမှ ရှမ်းတိုင်းရင်းသူ တိုင်းရင်းသားများ အလှူပဒေသာပင်ကိုယ်စီဖြင့် ရိုးရာအတီး၊ အမှုတ်၊ အကအခုန်တို့ဖြင့် အင်အား ၅၀၀၀ ခန့် ဗိုလ်ချုပ်လမ်းအတိုင်း မြို့တွင်းသို့လှည့်လည်ကာ ရှမ်းစာပေတိုက်သို့ ပို့ဆောင်ခဲ့သည်။ **(အပေါ်ပုံ)**

နိုဝင်ဘာ ၂၉ ရက် ညလွှန်မြောက်၍ နိုဝင်ဘာ ၃၀ ရှမ်းနှစ်သစ်ရက်သို့ ကူးပြောင်းချိန်အထိ ကြိုဆိုကာ ပျော်ပွဲရွှင်ပွဲ၊ အဆိုအက၊ မီးပုံးပျံလွှတ်ပွဲများ ကျင်းပပြီး ရှမ်းဘုန်းတော်ကြီးကျောင်းတိုက် သံဃာတော်များကို ဆွမ်းကပ်ခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရေစက်ချတရားနာယူပွဲများ ကျင်းပခဲ့သည်။

**သန်းဝေ(တောင်ကြီး)**





၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

" အားလုံးလက်တွဲကာကွယ် အိပ်ချ်အိုင်ဗွီကူးစက်မှုအန္တရာယ်"

“HANDS UP FOR #HIVPREVENTION”


# KIA/ TNLA လက်နက်ကိုင်အဖွဲ့က မူဆယ်မြို့အား လက်နက်ကြီးဖြင့် ပစ်ခတ်၊ မိုင်းများဖောက်ခွဲ

**နေပြည်တော် နိုဝင်ဘာ ၂၉**

မူဆယ်မြို့ ဟိုမွန်နှင့် ကောင်းမှုတုံရပ်ကွက်များတွင် KIA/ TNLA လက်နက်ကိုင်အဖွဲ့က ပစ်ခတ်သည့် လက်နက်ကြီး ဗုံးသီးကျရောက်ပေါက်ကွဲခြင်း၊ မိုင်းများပေါက်ကွဲခြင်းနှင့် အလုပ်ရုံအချို့မှ ဆက်ကြေးကောက်ခံခြင်းများ ဆောင်ရွက်ခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

မူဆယ်မြို့ ဟိုမွန်ရပ်ကွက် သစ်တောလမ်းရှိ ထမင်းဆိုင်အနီး လျှိုအတွင်းသို့ နိုဝင်ဘာ ၂၈ ရက် ည ၆နာရီ မိနစ် ၄၀ ခန့်က KIA/ TNLA လက်နက်ကိုင်အဖွဲ့မှပစ်ခတ်ခဲ့သည့် လက်နက်ကြီးဗုံးသီးကျရောက်ပေါက်ကွဲခဲ့ပြီး ယင်းနေရာအနီးတစ်ဝိုက်တွင် လက်လုပ်မိုင်း နှစ်လုံးလည်း ဖောက်ခွဲထားကြောင်း၊ မူဆယ်မြို့ကောင်းမှုတုံရပ်ကွက် ဟိုနားရပ်နှင့် စက်မှုကွက်သစ်ကြားတွင် ည ၉နာရီ မိနစ် ၄၀ ခန့်နှင့် စက်မှုလမ်းနှင့် မန့်မိုင်ရွာအနီးတွင် ည ၁၀ နာရီ မိနစ် ၅၀ ခန့်ကလည်း ပေါက်ကွဲမှုများဖြစ်ပွားခဲ့ကြောင်း၊ ယင်းပေါက်ကွဲမှုများကြောင့် ထိခိုက်ဒဏ်ရာရမှု မရှိကြောင်း သိရသည်။

KIA/TNLA လက်နက်ကိုင်အဖွဲ့များသည် မူဆယ်မြို့ကောင်းမှုတုံရပ်ကွက် ဟိုနားရပ်နှင့် စက်မှုကွက်သစ်အတွင်းသို့လည်း ဝင်ရောက်ခဲ့ပြီး အလုပ်ရုံအချို့မှ ဆက်ကြေးများကောက်ခံကာ ပြန်လည်ထွက်ခွာသွားကြောင်း သိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# KIA လက်နက်ကိုင်အဖွဲ့မှ ထောင်ထားသည့်မိုင်း နင်းမိပေါက်ကွဲပြီး ဒေသခံပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်း နိုဝင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းက ဒေသခံပြည်သူနှစ်ဦးမှာ KIA လက်နက်ကိုင်အဖွဲ့က ထောင်ထားသည့်မိုင်းအား နင်းမိပေါက်ကွဲပြီး ဒဏ်ရာများစွာရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် မှတ်တိုင်ကျေးရွာနေ ဦးမောင်မျိုးနှင့် ဟိုပင်မြို့နေ ဦးဇင်မောင်စိုးတို့ နှစ်ဦးသည် ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်း ကြိမ်ခုတ်ရန်သွားစဉ် နန့်လန်ချောင်းအနီး မွန်းလွဲ ၁ နာရီခန့်တွင် KIA လက်နက်ကိုင်အဖွဲ့မှ ထောင်ထားသည့် မိုင်းအား ဦးမောင်မျိုးက နင်းမိပေါက်ကွဲခဲ့ပြီး ခြေနှစ်ဖက် ပြတ်တောက်ဒဏ်ရာရရှိသကဲ့သို့ ဦးဇင်မောင်စိုးမှာလည်း ရင်ဘတ်နှင့် လည်ပင်းတို့တွင် မိုင်းစများထိမှန်ဒဏ်ရာရရှိခဲ့သဖြင့် ကသာမြို့နယ် ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

❐

# ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်နှစ်ဦး လမ်းခရီး၌ ပျောက်ဆုံးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်နှစ်ဦးသည် ကွတ်ခိုင်မြို့မှ ၎င်းတို့ ရဲကင်းစခန်းသို့ ပြန်လည်ထွက်ခွာလာစဉ် နိုဝင်ဘာ ၂၈ ရက် ညပိုင်းက လမ်းခရီး၌ ပျောက်ဆုံးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

ကွတ်ခိုင်မြို့နယ် နမ့်ဖလွန်းကျေးရွာတစ်ဝိုက်တွင် စိစစ်ဆဲလက်နက်ကိုင်အဖွဲ့များက မော်တော်ယာဉ်များဖြင့် လမ်းကြောင်းပိတ်ဆို့ထားမှုသတင်းအရ တပ်မတော်စစ်ကြောင်းက နိုဝင်ဘာ ၂၈ ရက် ည ၇ နာရီခန့်က သွားရောက်ရှင်းလင်းရာ ကွတ်ခိုင်-မူဆယ် လမ်းမကြီး မိုင်တိုင်အမှတ်(၂၃၃)နှင့်(၂၃၇)အကြား၌ ဟွန်ဒါဖစ် အမျိုးအစား ယာဉ်အမှတ် YGN-4G/---- အား တွေ့ရှိသဖြင့် စုံစမ်းခဲ့ရာ ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာရဲကင်းစခန်းမှ ဒုတိယရဲအုပ် မြင့်ဌေးနှင့် ရဲတပ်ကြပ် လင်းထက်တို့ နှစ်ဦးမှာ ကွတ်ခိုင်မြို့မရဲစခန်းမှ တရားခံနှစ်ဦးအား မြို့နယ်တရားရုံးသို့ တရားစွဲဆိုနိုင်ရန် ပို့ဆောင်ခဲ့ပြီး နမ့်ဖတ်ကာရဲကင်းစခန်းသို့ ၎င်းယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာစဉ် ယာဉ်ရပ်တန့်ထားရှိကာ ပျောက်ဆုံးနေခြင်းဖြစ်ကြောင်းနှင့် လက်နက်များမပါရှိကြောင်း သိရှိရသည်။

အဆိုပါ ရဲတပ်ဖွဲ့ဝင်နှစ်ဦး ပြန်လည်တွေ့ရှိရေး၊ အဖြစ်မှန်ပေါ်ပေါက်ရေး စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး တပ်မတော်စစ်ကြောင်းများက ၎င်းနေရာတစ်ဝိုက်အား နယ်မြေရှင်းလင်းလျက်ရှိကြောင်း သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**



# KIA/TNLA/MNDAA လက်နက်ကိုင်အဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် မုံးကိုးနယ်မြေမှ ပြည်သူများ တရုတ်နိုင်ငံသို့ တိမ်းရှောင်ထွက်ပြေး

**နေပြည်တော် နိုဝင်ဘာ ၂၉**

KIA/TNLA/MNDAA လက်နက်ကိုင်အဖွဲ့များသည် မုံးကိုးနယ်မြေအား တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူ ၁၀၀၀ ကျော်သည် တရုတ်နိုင်ငံ မန်စီမြို့နယ်အတွင်း တိမ်းရှောင်ထွက်ပြေးခဲ့ရာ လူမှုကူညီရေးများ ဆောင်ရွက်ပေးလျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

အဆိုပါ တိုက်ပွဲရှောင် ဒေသခံပြည်သူ ၁၀၀၀ ကျော်သည် တရုတ်နိုင်ငံ မန်စီမြို့နယ် မန်ဟိုင်မြို့ရှိ အသုံးမပြုသည့် စာသင်ကျောင်း၊ စက်ရုံဟောင်းနှင့် ဈေးအနီး ကွင်းပြင်များတွင် ယာယီတဲ ငါးလုံးဖြင့် နိုဝင်ဘာ ၂၈ ရက်အထိ နေထိုင်လျက်ရှိရာ ကိုးကန့်ဒေသမှ လူမှုရေးအသင်းတစ်ခုသည် ရွှေလီမှတစ်ဆင့် ဝင်ရောက်ပြီး မန်ဟိုင်မြို့သို့ သွားရောက်ကာ လူမှုကူညီရေးများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

❐

# ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၁၇/၇)အနီး လမ်းအောက်ရှိ ရေပြွန်အတွင်းမှ ဒေသန္တရလက်လုပ်မိုင်း လေးလုံး တွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးမှ ကွတ်ခိုင်မြို့နှင့် သိန်းနီမြို့အကြား ကတ္တရာလမ်းအောက်ရှိ ရေပြွန်အတွင်းမှ ယနေ့နံနက်ပိုင်းတွင် ဒေသန္တရလက်လုပ်မိုင်း လေးလုံးတွေ့ရှိသဖြင့် ရှင်းလင်းခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

ကွတ်ခိုင်မြို့နှင့် သိန်းနီမြို့အကြား မိုင်တိုင်အမှတ်(၂၁၇/၇)အနီး ကတ္တရာလမ်းအောက်ရှိ ရေပြွန်အတွင်းမှ အမြင့်ခြောက်လက်မ၊ အချင်းလေးလက်မရှိ သံထည်ဖြင့် ပြုလုပ်ထားပြီး ဖျူးစ် ခုနစ်ချောင်းနှင့်တွဲဖက်၍ ၁၂ ဗို့ ဘက်ထရီ လေးလုံးနှင့်ဝိုင်ယာကြိုးချိတ်ဆက်ထားသော ဒေသန္တရလက်လုပ်မိုင်း လေးလုံးအား တပ်မတော်စစ်ကြောင်းက လမ်းလုံခြုံရေးဆောင်ရွက်စဉ် ယနေ့နံနက် ၁၀ နာရီခန့်က တွေ့ရှိသဖြင့် ရှင်းလင်းခဲ့ခြင်းဖြစ်သည်။

တပ်မတော်စစ်ကြောင်းသည် လမ်းလုံခြုံရေးတာဝန် ဆက်လက်ဆောင်ရွက်စဉ် ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ခန့်တွင် မိုင်တိုင်အမှတ်(၂၁၆/၅)၌ TNLA လက်နက်ကိုင်အဖွဲ့ အင်အား ၁၀ ဦးခန့်က မိုင်းနှစ်လုံးခွဲပြီး လက်နက်ငယ်ဖြင့် ပစ်ခတ်တိုက်ခိုက်ရာ ပြန်လည်ပစ်ခတ်မှုကြောင့် ဆုတ်ခွာထွက်ပြေးသွားကြောင်း၊ ဖြစ်စဉ်တွင် စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မသင်္ကာဖွယ် အချိုရည် လေးပုလင်းတွေ့ရှိသဖြင့် မိုင်းရှင်းလင်းပြီးစစ်ဆေးရာ ပေါက်ကွဲစေတတ်သော ဓာတုပစ္စည်းများ ပါဝင်ခြင်းမရှိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ယနေ့နံနက်ပိုင်းက M-150 အချိုရည် လေးပုလင်းပါဝင်သော ကြွပ်ကြွပ်အိတ်တစ်လုံးတွေ့ရှိသဖြင့် မိုင်းရှင်းလင်းရေး ဆောင်ရွက်ခဲ့ပြီး စစ်ဆေးခဲ့ရာ ပေါက်ကွဲစေတတ်သော ဓာတုပစ္စည်းများ မတွေ့ရှိရကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal -1 လေယာဉ်လက်မှတ်အရောင်းကောင်တာအနီးရှိ ခုံပေါ်၌ အဝါရောင်အရည်ပျစ်များထည့်ထားသော M-150 အချိုရည် လေးပုလင်းပါဝင်သည့် အစိမ်းရောင်ကြွပ်ကြွပ်အိတ်တစ်လုံးအား မသင်္ကာဖွယ်တွေ့ရှိကြောင်း သတင်းအရ ယနေ့နံနက် ၉ နာရီခွဲက နယ်မြေခံတပ်မှ အထူးမိုင်းရှင်းလင်းရေးအဖွဲ့များက ရှင်းလင်းခဲ့ပြီး အချိုရည်ပုလင်းများအတွင်းပါဝင်မှုကို ဓာတုဗေဒဝန်ရုံးမှ စစ်ဆေးခဲ့ရာ M-150 အချိုရည်ပုလင်းများအတွင်း အဆီနှင့်ဖော်စပ်ထည့်ထားသော တိုင်းရင်းဆေးတစ်မျိုးဟု ယူဆရပြီး ပေါက်ကွဲစေတတ်သော ဓာတုပစ္စည်းများ မတွေ့ရှိရကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဂျိမ်းစ်ဘွန်းရုပ်ရှင်တွေမှာ ပါဝင်ချင်သေးတယ်လို့ဆိုလာတဲ့ ရော်ဂျာမိုး




ဟောလိဝုဒ်ရဲ့အအောင်မြင်ဆုံးသော စုံထောက်ဇာတ်လမ်းတွေလို့ ဆိုနိုင်တဲ့ ဂျိမ်းစ်ဘွန်းရုပ်ရှင်တွေမှာ ဂျိမ်းစ်ဘွန်းအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့တဲ့ မင်းသားတွေအနက် တစ်ယောက်အပါအဝင်ဖြစ်တဲ့ မင်းသားကြီး ရော်ဂျာမိုးက နောင်ရိုက်ကူးမယ့်ဂျိမ်းစ်ဘွန်းရုပ်ရှင်တွေမှာ သူကိုထည့်သွင်းရိုက်ကူးဖို့ ဂျိမ်းဘွန်းရုပ်ရှင်အသိုင်းအဝိုင်းကို အကြံဉာဏ်ပေးခဲ့တယ်လို့ အေ့စ်ရှိုးဘစ်ဇ် ဒေ့ါကွန်းရဲ့ဖော်ပြချက်အရ သိရပါတယ်။

လတ်တလောမှာ အသက်(၈၉)နှစ်ရှိပြီဖြစ်တဲ့ တစ်ချိန်က ဂျိမ်းစ်ဘွန်း မင်းသားကြီး ရော်ဂျာမိုးက နောင်ရိုက်ကူးသွားမယ့် ဂျိမ်းစ်ဘွန်းရုပ်ရှင်တွေမှာ သူ့ကိုထည့်သွင်းရိုက်ကူးသွားစေလိုကြောင်းနဲ့ ဂျိမ်းစ်ဘွန်းအဖြစ်မဟုတ်ဘဲ အခြားဇာတ်ကောင်နေရာက ပါဝင်ရမယ်ဆိုပါကလည်း သူ့အနေနဲ့ ပါဝင်ချင်သေးကြောင်း ဖွင့်ဟခဲ့တယ်လို့ သိရပါတယ်။

မင်းသားကြီး ရော်ဂျာမိုးဟာ ၁၉၇၃ ခုနှစ်ကနေ ၁၉၈၅ ခုနှစ်အတွင်း ရိုက်ကူးခဲ့တဲ့ ဂျိမ်းစ်ဘွန်းရုပ်ရှင်တွေမှာ အလွတ်စုံထောက် ၀၀၇ အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ကာ ဂျိမ်းစ်ဘွန်းမင်းသားတွေအနက် ကျော်ကြားတဲ့ မင်းသားတစ်ဦးလည်းဖြစ်ပြီး စုစုပေါင်းဂျိမ်းစ်ဘွန်းရုပ်ရှင် ခုနစ်ကားမှာ အဓိကဇာတ်ဆောင် ဂျိမ်းစ်ဘွန်းအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်ပါတယ်။ ဂျိမ်းစ်ဘွန်းအဖြစ် ပါဝင်ခဲ့တဲ့ ရော်ဂျာမိုးရဲ့ရုပ်ရှင်တွေကတော့ ၁၉၇၃ ခုနှစ်မှာ ရိုက်ကူးခဲ့တဲ့ "Live and Let Die"၊ ၁၉၇၄ ခုနှစ်မှာ ရိုက်ကူးခဲ့တဲ့ "The Man with the Golden Gun"၊ ၁၉၇၇ ခုနှစ်မှာ ရိုက်ကူးခဲ့တဲ့ "The Spy Who Loved Me"၊ ၁၉၇၉ ခုနှစ်မှာရိုက်ကူးခဲ့တဲ့ "Moonraker"၊ ၁၉၈၁ ခုနှစ်မှာ ရိုက်ကူးခဲ့တဲ့ "For Your Eyes Only"၊ ၁၉၈၃ ခုနှစ်မှာ ရိုက်ကူးခဲ့တဲ့ "Octopussy" နဲ့ ၁၉၈၅ ခုနှစ်မှာ ရိုက်ကူးခဲ့တဲ့ "A View to a Kill" တို့ပဲ ဖြစ်ကြပါတယ်။ မင်းသားကြီး ရော်ဂျာမိုးဟာ အသက်(၅၇)နှစ်အရွယ်မှာ ဂျိမ်းစ်ဘွန်းရုပ်ရှင်ရိုက်ကူးခြင်းတွေကနေ အနားယူခဲ့တာဖြစ်ပါတယ်။

ဆက်လက်ပြီး ရော်ဂျာမိုးက သူ့အနေနဲ့ ဂျိမ်းစ်ဘွန်းမင်းသားတွေအနက် မင်းသားကြီး ရှောင်ကွန်နရီနဲ့ လတ်ရှိဂျိမ်းစ်ဘွန်းမင်းသားကြီး ဒန်နီရယ်ခရက်ဂ်တို့နှစ်ဦးကို နှစ်သက်သဘောကျကြောင်းလည်း ဆိုခဲ့ပါတယ်။ ရှောင်ကွန်နရီဟာ ပထမဆုံးဂျိမ်းစ်ဘွန်းမင်းသားကြီးဖြစ်ပြီး ၁၉၆၂ ခုနှစ်က ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ပထမဆုံးဂျိမ်းစ်ဘွန်းရုပ်ရှင် "Dr. No"အပါအဝင် စုစုပေါင်း ဂျိမ်းစ်ဘွန်းရုပ်ရှင်ငါးကားမှာ ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်ပါတယ်။ ၂၀၀၅ ခုနှစ်ကစတင်ပြီး ဂျိမ်းစ်ဘွန်းတစ်ဦးဖြစ်လာခဲ့တဲ့ ဒန်နီရယ်ခရက်ဂ်ကတော့ ၂၀၁၅ ခုနှစ်အတွင်းက နောက်ဆုံးထွက်ရှိထားတဲ့ ဂျိမ်းစ်ဘွန်းရုပ်ရှင် "Spectre" အပါအဝင် လတ်တလောအချိန်အထိ ဂျိမ်းစ်ဘွန်းရုပ်ရှင်လေးကားကို ပါဝင်ရိုက်ကူးခဲ့ပြီးဖြစ်ကာ လာမယ့်ဂျိမ်းစ်ဘွန်းရုပ်ရှင်သစ်မှာလည်း ဂျိမ်းစ်ဘွန်းအဖြစ် ပါဝင်ထားပါတယ်။

လတ်တလောအချိန်အထိ ဂျိမ်းစ်ဘွန်းရုပ်ရှင်ပေါင်း ၂၄ ကား ရိုက်ကူးခဲ့ပြီးဖြစ်ကာ ဂျိမ်းစ်ဘွန်းမင်းသား ခုနစ်ဦးပေါ်ထွက်ခဲ့ပြီး ဖြစ်ပါတယ်။ လာမယ့် ဂျိမ်းစ်ဘွန်းရုပ်ရှင်သစ်ကို ၂၀၁၇ ခုနှစ်နှောင်းပိုင်းမှာ ထွက်ရှိဖို့ စီစဉ်ထားပြီး အဆိုပါရုပ်ရှင်သစ်မှာ ဒန်နီရယ်ခရက်ဂ်ပါဝင်မှာမဟုတ်ကြောင်း ကောလာဟလတွေထွက်ရှိခဲ့ပေမယ့် အဆိုပါကောလာဟလတွေဟာ မဟုတ်မှန်ကြောင်း နောက်ပိုင်းမှာ အတည်ပြုပြောကြားခဲ့တာကြောင့် လာမယ့် ဂျိမ်းစ်ဘွန်းရုပ်ရှင်မှာလည်း မင်းသားကြီး ဒန်နီရယ်ခရက်ဂ်ကိုပဲ ဂျိမ်းစ်ဘွန်းအဖြစ် မြင်တွေ့ကြရဦးမှာ ဖြစ်ပါတယ်။




## မမျှော်လင့်ဘဲ ပြန်လည်တွေ့ဆုံခဲ့တဲ့ သယ်ဝိခ်ကန်းဒ်နဲ့ ဘယ်လာဟတ်ဒီ

လတ်တလောမှာ စတုတ္ထမြောက်တေးအယ်လ်ဘမ် "Starboy"နဲ့ တေးဂီတဇယားတွေမှာ ထိပ်ဆုံးက ရပ်တည်နေတဲ့ အာရန်ဘီအဆိုတော် သယ်ဝိခ်ကန်းဒ်နဲ့ ဗစ်တိုးရီးယားစီးခရက်ထ်မော်ဒယ်လ်တစ်ဦးဖြစ်သူ ဘယ်လာဟတ်ဒီတို့နှစ်ဦးဟာ သိပ်မကြာသေးမီကမှ လမ်းခွဲထားတဲ့ ချစ်သူဟောင်းတွေဖြစ်ပြီး သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ တနင်္လာနေ့ညပိုင်းက ပဲရစ်က ဟိုတယ်တစ်ခုရဲ့စားသောက်ဆိုင်မှာ မမျှော်လင့်ဘဲ ပြန်လည်တွေ့ဆုံခဲ့တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဒီလိုတွေ့ဆုံရာမှာ သူတို့နှစ်ဦး အချိန်အတော်ကြာ စကားတွေပြောခဲ့ပေမယ့် သူတို့ကိုကြည့်ရတာ ခံစားချက်တွေအေးစက်သွားပြီဖြစ်တယ်လို့လည်း သတင်းရင်းမြစ်တစ်ဦးက အီးအွန်လိုင်းဒေ့ါကွန်းကို ပြောကြားခဲ့ပါတယ်။

ယခုသီတင်းပတ်အကုန်မှာ ကျင်းပသွားမယ့် ဗစ်တိုးရီးယားစီးခရက်ထ် အမှတ်တံဆိပ်အဝတ်အစားတွေရဲ့ ဖက်ရှင်ပြပွဲမှာ ထိပ်တန်းမော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ဘယ်လာဟတ်ဒီလည်း ပါဝင်လျှောက်လှမ်းမှာဖြစ်ပြီး သယ်ဝိခ်ကန်းဒ်ကလည်း အဆိုပါရှိုးပွဲမှာ ပါဝင်ဖျော်ဖြေတင်ဆက်မှာဖြစ်ကြောင်း ကောလာဟလတွေ ပေါ်ထွက်နေပါတယ်။

သယ်ဝိခ်ကန်းဒ်နဲ့ ဘယ်လာဟတ်ဒီတို့နှစ်ဦးဟာ တစ်နှစ်ခွဲခန့် ချစ်သူတွေအဖြစ်လက်တွဲခဲ့ကြပြီး နှစ်ဦးသားရဲ့များပြားလှတဲ့ အနုပညာလုပ်ရှားမှုတွေကြောင့် တစ်ဦးကိုတစ်ဦးအချိန်မပေးနိုင်ဖြစ်ကာ လမ်းခွဲဖို့ နှစ်ဦးသဘောတူဆုံးဖြတ်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒါပေမယ့် သူတို့နှစ်ဦးနဲ့ ရင်းနှီးသူတစ်ဦးကတော့ နှစ်ဦးသား ခေတ္တလမ်းခွဲတာသာဖြစ်ပြီး သူတို့အချစ်ခရီးကို ရှေ့ဆက်ဖို့ ရည်ရွယ်ထားကြောင်းလည်း ပြောကြားခဲ့ပါတယ်။

အေး ပြည့် - စု စည်း ရေး သား သည်

## နောက်ဆုံးဖျော်ဖြေပွဲကို ကျင်းပသွားမယ့် I.O.I




တောင်ကိုရီးယား အမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ I.O.I ဟာ အဖွဲ့ဖျက်သိမ်းတော့မယ်ဆိုတဲ့ သတင်းတွေပေါ်ထွက်လာပြီးတဲ့နောက် အဖွဲ့မဖျက်သိမ်းမီ တေးဂီတဖျော်ဖြေပွဲတစ်ပွဲကို လာမယ့် ဇန်နဝါရီလအတွင်း ကျင်းပပေးသွားမှာ ဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဖွဲ့ဝင် ၁၁ ဦးပါဝင်တဲ့ I.O.I ဟာ လာမယ့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလကုန်မှာ အဖွဲ့လိုက်လှုပ်ရှားမှုတွေကို ရပ်နားတော့မှာဖြစ်ပြီး အဖွဲ့ဝင်တစ်ဦးခြင်းစီရဲ့ သီးခြားလှုပ်ရှားမှုပုံစံနဲ့သာ အနုပညာခရီးကို ရှေ့ဆက်တော့မှာဖြစ်ပါတယ်။ ဒီလိုအဖွဲ့မဖျက်သိမ်းမီ အဖွဲ့လိုက်နောက်ဆုံးလှုပ်ရှားမှုအဖြစ် လာမယ့် ဇန်နဝါရီ ၂၀ ရက်ကနေ ၂၂ ရက်အထိ သုံးရက်တာကို I.O.I ရဲ့ နောက်ဆုံးတေးဂီတဖျော်ဖြေပွဲအဖြစ် ကျင်းပသွားမှာဖြစ်ပြီး ပရိသတ်များကို နောက်ဆုံးအကြိမ်တွေ့ဆုံနှုတ်ဆက်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အေဂျင်စီအသီးသီးက အနုပညာရှင်တွေစုပေါင်းဖွဲ့စည်းထားတဲ့ I.O.I ဟာ အဖွဲ့ရဲ့ဂီတသမိုင်းမှာ အောင်မြင်မှုမှတ်တိုင်တွေ စိုက်ထူနိုင်ခဲ့တဲ့ အောင်မြင်တဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့လည်း ဖြစ်ပါတယ်။ I.O.I ဟာ "Whatta Man" နဲ့ "Very Very Very"တေးသီချင်းတွေနဲ့ တေးဂီတဇယားတွေမှာ ထိပ်ဆုံးက ရပ်တည်နိုင်ခဲ့ပြီး တေးဂီတထူးချွန်ဆုတွေကို ပိုင်ဆိုင်ခွင့်ရခဲ့တဲ့ ကေပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့လည်း ဖြစ်ပါတယ်။ ■

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၁၀-၁၁-၂၀၁၆(ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း |
| ၈း၃၅ | စိုက်ပျိုးရေးရာအဖြေရှာအစီအစဉ် "ကျေးလက်ပြည်သူအကျိုးစီးပွားတိုးပွားရေး စိုက်မွေးသမအသင်းမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေး" |
| ၉း၃၅ | ပြည်သူ့နီတိ "ကျေးဇူး" (အိန္ဒြာမိုးမြင့်၊ အောင်မိုး၊ နိုင်ဝင်း၊ စံပေါ၊ အိမ့်ကြာဖြူ၊ မြတ်ကို) (ဒါရိုက်တာ- မိုးဇော်ကို) |
| ၁၀း၃၅ | "နေမဝင်တက္ကသိုလ်နန်း၏ ရာပြည့်အကြိုသို့ လှမ်းကြမယ်" |
| ၁၁း၁၅ | "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတား ဆီးကာကွယ်ရေး (၁၆)ရက်တာ လှုပ်ရှားမှု အထူးအစီအစဉ်"(အပိုင်း-၆) |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ် |
| ၁၂း၃၅ | "ဒီမိုကရေစီစိတ်ထား" (အပိုင်း-၃) |
| ၁း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ"(အပိုင်း-၅၁) |
| ၁း၄၅ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ဖွဲ့နိုင်ဝင်း၊ အိချောပို) |
| ၂း၃၅ | Sunday Talk |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ"တံ့မယူလို" (အပိုင်း-၅၂) |
| ၄း၃၅ | မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (နေမင်းနှင့် ထွန်းတောက်ကြယ်)၊ (အောင်မြတ်ကောင်းနှင့် သားပေါက်) |
| ၅း၁၅ | Football Magazine |
| ၅း၃၅ | NHK Programme "မြေပြင်၏ အသွင်သဏ္ဌာန်ကို ပြောင်းလဲစေသောမြစ်ဖျား- ၁" |
| ၆း၃၅ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ကျွန်တော်နှစ်ကိုယ်ခွဲ" (ရဲလင်း၊ ကေကေမိုးမြင့်၊ ဒေါ်ခင်ခင်ကြီး၊ ဝတ်ရည်စိုး) [ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ)] |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ"တံ့မယူလို" (အပိုင်း-၅၃) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | "အမျိုးသမီးများ နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း" (အပိုင်း-၃) |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ"(အပိုင်း-၅၂) -ဂီတသမား၊ ဂီတစကား "မိုးဒေဝါ" - "မိခင်နို့ချိုတိုက်ကျွေးရေး" (စကားရည်လုပွဲ)(ဒုတိယပိုင်း) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

**၁၀-၁၁-၂၀၁၆(ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၁၆ | မေတ္တာပို့ |
| ၇း၂၀ | ဓမ္မပူဇာတေး |
| ၇း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၇း၄၀ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၉း၁၅ | သူနှင့်သူ၏သီချင်းများ |
| ၉း၃၅ | အမှတ်တရနေ့ရက်လေးများ |
| ၁၀း၀၀ | တစ်ပတ်အတွင်း စိုက်ပျိုးရေးသတင်း |
| ၁၀း၁၀ | Made In Myanmar |
| ၁၀း၃၅ | Journal Talk |
| ၁၀း၅၀ | သီချင်းလက်ဆောင် |
| ၁၁း၀၀ | နိုင်ငံတကာသတင်း |
| ၁၁း၄၀ | Sport Review |
| ၁၂း၀၀ | ခရီးလည်းသွားစကားလည်းဆို |
| ၁၂း၂၅ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၁၂း၃၅ | နှစ်(၈၀)ကျော်ကြားတေးများ |
| ၄း၀၀ | မြဝတီအဖွင့် |
| ၄း၂၅ | ရှေးဟောင်းသုတ |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၆း၁၅ | Top Magic |
| ၆း၃၅ | ဘဝများ |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လျှို့ဝှက်ခြင်း၏နောက်ကွယ် အပိုင်း(၆) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ VOA အင်္ဂလိပ်စာသင်ခန်းစာ ရယ်စရာပျော်စရာဟာသကမ္ဘာ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် မြဝတီရုပ်မြင်သံကြားသတင်း ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရွှေရောက်ကြက်ခြေခတ်များ အပိုင်း(၂၃) |

# လီဗာပူးတိုက်စစ်မှူး ကော်တင်ဟို ဇန်နဝါရီလလယ်အထိ အနားယူရမည်

လီဗာပူးအသင်း၏ တိုက်စစ်မှူး ဖီလစ်ပီကော်တင်ဟိုသည် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ဇန်နဝါရီလလယ်အထိ အနားယူရမည်ဖြစ်ကြောင်းသိရသည်။

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူး ကော်တင်ဟိုသည် လီဗာပူးအသင်းက ဆန်းဒါးလန်းအသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် ပထမပိုင်းတွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ကော်တင်ဟိုသည် အဆိုပါဒဏ်ရာပြဿနာကြောင့် ရက်သတ္တပါးပတ်မှ ခြောက်ပတ်ကြာအထိ အနားယူရမည်ဖြစ်ကြောင်းလည်း သိရသည်။

လီဗာပူးအသင်း၏ အဓိက ကစားရမည့် ပွဲစဉ်များဖြစ်သည့် ဒီဇင်ဘာ ၁၉ ရက်တွင် ဂွတ်ဒီဆင်ပါ့ခ်တွင် အဲဗာတန်အသင်းနှင့် ကစားရမည့်ပွဲစဉ်နှင့် နှစ်သစ်ကူးရက်တွင် အန်ဖီးလ်ကွင်း၌ မန်စီးတီးအသင်းနှင့် ကစားမည့် ပွဲစဉ်တို့တွင် တိုက်စစ်မှူး ကော်တင်ဟို လွဲချော်မည်ဖြစ်သည်။

လီဗာပူးအသင်းနည်းပြ ဂျာဂန်ကလော့သည် နွေရာသီအပြောင်းအရွှေ့ကာလက ခေါ်ယူထားခဲ့သည့် တိုက်စစ်မှူး ဆာဒီယိုမာနေးကိုလည်း ဇန်နဝါရီလတွင် အသုံးပြုခွင့်ရရှိမည်မဟုတ်ဘဲ အဆိုပါတိုက်စစ်မှူးမှာ ဆီနီဂေါအသင်းနှင့်အတူ အာဖရိကဖလားယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်းသိရသည်။

တိုက်စစ်မှူး ကော်တင်ဟိုသည် လီဗာပူးအသင်းနှင့် လိဒ်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည့် အီးအက်ဖ်အယ်လ်ဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွင်လည်း လွဲချော်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ခြေသလုံးဒဏ်ရာရရှိထားခဲ့သည့် လီဗာပူးအသင်း၏ တိုက်စစ်မှူး စတားရစ်ချ်လည်း ပါဝင်လာမည်မဟုတ်ကြောင်း သိရသည်။

သို့ရာတွင် လယ်လာနာသည် အင်္ဂလန်အသင်းနှင့် စပိန်အသင်းတို့ ခြေစမ်းပွဲကစားခဲ့သည့်ပွဲစဉ်တွင် ရရှိခဲ့သည့် ဒဏ်ရာကြောင့် လီဗာပူးအသင်း၏ ပြီးခဲ့သည့် ပွဲစဉ်နှစ်ပွဲလွဲချော်ခဲ့သော်လည်း လက်ရှိအချိန်တွင် ဒဏ်ရာမှ ပြန်လည်သက်သာလာပြီဖြစ်၍ လီဗာပူးအသင်းနှင့်အတူ ပွဲထွက်လာဖွယ်ရှိနေကြောင်း သိရသည်။

(ငွေကြယ်)




# မန်ယူအသင်းနည်းပြ မော်ရင်ဟိုအား အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က တရားစွဲ



မန်ယူအသင်းနည်းပြ မော်ရင်ဟိုသည် အိမ်ကွင်း အိုးထရက်ဖို့ဒ်တွင် ဝက်စ်ဟမ်းအသင်းနှင့် တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ဒေါသတကြီးဖြင့် ပုလင်းဘူးအား ကန်ခဲ့ခြင်းကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့၏ တရားစွဲခြင်းကို ခံခဲ့ရကြောင်း သိရသည်။

အသက်(၅၃)နှစ်အရွယ်ရှိ နည်းပြမော်ရင်ဟိုသည် အဆိုပါပွဲစဉ်တွင် ကွင်းလယ်ဒိုင် ဂျွန်မို့စ်၏ ပွဲကြီးကြပ်ခွင့်ကို ပိတ်ပင်ခံခဲ့ရသည်။

ယခုတစ်ကြိမ်သည် မော်ရင်ဟိုအတွက် ဒုတိယအကြိမ်တရားစွဲခံခဲ့ရခြင်းဖြစ်ပြီး အောက်တိုဘာ ၂၉ ရက်က ဘန်လေအသင်းနှင့် ကစားခဲ့စဉ်ကလည်း ပထမအကြိမ်အဖြစ် တရားစွဲခံခဲ့ရသည်။

ယင်းအပြုအမူကြောင့် ပွဲကြီးကြပ်ခွင့်တစ်ပွဲ ပိတ်ပင်ခံခဲ့ရသည့်အပြင် ဒဏ်ကြေးငွေအဖြစ် ပေါင် ၈၀၀၀၀ ဒဏ်ရိုက်ခံခဲ့ရကြောင်းလည်း သိရသည်။

ချယ်လ်ဆီးအသင်း၊ အင်တာမီလန်အသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့၏ နည်းပြဟောင်းတစ်ဦးဖြစ်သူ မော်ရင်ဟိုသည် အောက်တိုဘာ ၁၇ ရက်ကလည်း လီဗာပူးအသင်းနှင့်မကစားမီ ကွင်းလယ်ဒိုင် အန်တိုနီတေလာအား ဝေဖန်မှုများပြုလုပ်ခဲ့ခြင်းကြောင့် ဒဏ်ကြေးငွေ ပေါင် ၅၀၀၀၀ ဒဏ်ရိုက်ခံခဲ့ရသည်။

ဝက်စ်ဟမ်းအသင်းနှင့် ကစားခဲ့သည့် ပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းခေါင်းဆောင် မာ့ခ်နိုဘယ်နှင့် မန်ယူကွင်းလယ်ကစားသမား ပေါလ်ပေါ့ဘာတို့ ဘောလုံးယှဉ်လုစဉ် ပေါ့ဘာလဲကျခဲ့မှုအပေါ် နည်းပြမော်ရင်ဟိုအနေဖြင့် စောဒကတက်ခဲ့သည်။

ဗီဒီယိုအနှေးပြကွက်များအရ မာ့ခ်နိုဘယ်၏ ကြမ်းတမ်းစွာကစားခဲ့ခြင်းကြောင့် ပေါ့ဘာလဲကျခဲ့ခြင်းမဟုတ်ဘဲ ဟန်ဆောင်လှဲချခဲ့ခြင်းပင်ဖြစ်သည်။

သို့ရာတွင် မန်ယူအသင်းနည်းပြ မော်ရင်ဟိုမှာမူ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်၏ တရားစွဲဆိုခြင်းကို ခံခဲ့ရသည်။

(ငွေကြယ်)

# ဖီဖာ၏ အကောင်းဆုံးနည်းပြဆု ဆီမြူနီ ရရှိမည်ဟု စပိန်နည်းပြဟောင်း ဒယ်ဘိုစကေး ယုံကြည်နေ

ဖီဖာ၏ အကောင်းဆုံးနည်းပြဆုအတွက် မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာနှင့် ဘာစီလိုနာအသင်းနည်းပြ ဟင်းနရစ်တို့ကို ကျော်ဖြတ်ကာ အက်သလက်တီကိုမက်ဒရစ်အသင်းနည်းပြ ဆီမြူနီက ရရှိလိမ့်မည်ဟု စပိန်အသင်းနည်းပြဟောင်း ဒယ်ဘိုစကေးက ယုံကြည်ထားကြောင်း ပြောကြားခဲ့သည်။

စပိန်နည်းပြဟောင်း ဒယ်ဘိုစကေးသည် ဇွန်လအတွင်းက နည်းပြဘဝမှ အနားယူခဲ့ခြင်းဖြစ်ပြီး ၂၀၁၂ ခုနှစ်အတွင်းက ဖီဖာ၏ အကောင်းဆုံးနည်းပြဆုကို ရယူဆွတ်ခူးနိုင်ခဲ့သည့်အပြင် နှစ်နှစ်ဆက်တိုက် ဒုတိယဆုရရှိခဲ့သည်။

ဆီမြူနီသည် ပြီးခဲ့သည့်ဘောလုံးရာသီက စပိန်လာလီဂါတွင် အဆင့်သုံးနေရာနှင့် ချန်ပီယံလိဂ်တွင် ဒုတိယနေရာရရှိခဲ့ခြင်းကြောင့် ဖီဖာ၏ အကောင်းဆုံးနည်းပြဆုအတွက် ဒယ်ဘိုစကေးက ဆီမြူနီအား ထောက်ခံခဲ့ခြင်းဖြစ်သည်။



ယင်းဆုအတွက် ဆန်ခါတင်စာရင်းတွင် ဂွါဒီယိုလာ၊ ဟင်းနရစ်၊ ဇီဒန်း၊ ရာနီရီနှင့် ဖာနန်ဒိုဆန်းတို့စ်တို့လည်း ပါဝင်လာခဲ့ကြောင်းသိရသည်။ (ငွေကြယ်)

# စပါးမှာ ချယ်လ်ဆီးထက် ကစားသမားပိုင်း တောင့်တင်းကြောင်း ရက်နက် ဖွင့်ဟ

စပါးအသင်းသည် အမှတ်ပေးဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် ချယ်လ်ဆီးအသင်းထက် ကစားသမားပိုင်းတွင် ပိုမိုတောင့်တင်းသည့် အသင်းတစ်သင်းဖြစ်ကြောင်း စပါးအသင်းနည်းပြဟောင်းတစ်ဦးဖြစ်သူ ရက်နက်က ဖွင့်ဟပြောကြားခဲ့သည်။

ချယ်လ်ဆီးနှင့် စပါးတို့သည် လန်ဒန်ဒါဘီအဖြစ် ကစားခဲ့စဉ် ချယ်လ်ဆီးက စပါးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ သို့ရာတွင် စပါးမှာ ချယ်လ်ဆီးထက် ပိုမိုတောင့်တင်းသည်ဟု ရက်နက်က ပြောကြားခဲ့သည်။

# မန်ယူအသင်းမှာ ပရီမီယာလိဂ်ဖလား မျှော်လင့်နိုင်ဆဲဟု ယာယာတိုရေး ပြောပြီ

မန်ယူသည် ပရီမီယာလိဂ်ဆုဖလား မျှော်လင့်ချက်ရှိသေးသည့် အသင်းခြောက်သင်းအနက် တစ်သင်းအပါအဝင်ဖြစ်ပြီး ဖလားမျှော်လင့်နိုင်ဆဲဖြစ်ကြောင်း မန်စီးတီးကွင်းလယ်လူယာယာတိုရေးက ဆိုသည်။

မန်ယူသည် ဇယားထိပ်က ချယ်လ်ဆီးနှင့် ၁၁ မှတ်အကွာတွင်ရှိနေပြီး မန်စီးတီးမှာ လီဗာပူးနှင့် ရမှတ်တူ ဂိုးကွာခြားချက်ကြောင့် အဆင့်(၃)တွင် ရပ်တည်လျက်ရှိသည်။ ထို့ပြင် ပရီမီယာလိဂ်ဖလားအတွက် ချယ်လ်ဆီး၊ လီဗာပူး၊ အာဆင်နယ်၊ စပါး၊ မန်ယူနှင့် မန်စီးတီးတို့မှာ အပြိုင်ဖြစ်နေသည်ဟုလည်း တိုရေးက ပြောကြားခဲ့သည်။

# နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် ဘဏ်များ ခိုင်မာအားကောင်းဖို့လို

## ညွှဝိသ

ဟိုတစ်နေ့က ဗဟန်းမြို့နယ်ရှိ အိုးရှင်းကုန်တိုက်ကြီး အနီးအပါးမှ ကျွန်တော်ဖြတ်သွားစဉ်မှာ ATM ငွေထုတ်စက်သုံးနေသည့် ခေတ်ကာလသားသမီးများကို ကျွန်တော်တွေ့မြင်ခဲ့ရသည်။

ခေတ်ရေစီးကြောင်း ပြောင်းလာသည့် သင်္ကေတတစ်ရပ်အဖြစ် "ပလတ်စတစ်ငွေ"ကို သတိမူမိသည်။ ခေတ်ကာလသားသမီးတွေက ဆောင်ငွေအဖြစ် ပလတ်စတစ်ငွေဖြစ်သော ATM cards နှင့် Credit Cards များကို ကိုင်ထားကြသည်။ သုံးစွဲဖို့လိုအပ်ချိန်နီးပါမှ စက်ထဲမှ ထုတ်ယူကြသည်။ ခိုးဝှက်၊ လုယက်ဘေးမှ ရှောင်ရှားနိုင်မည့် အားသာချက်က ကောင်းလှပါသည်။

အကြွေးမကင်းသည့် လူသားပီပီ Credit Cards ကို ဂုဏ်ယူဝင့်ကြွားစွာကိုင်ကြသည်။ ကျွန်တော်တို့လို တတိယအရွယ်ထဲဝင်ခါစ လူသားတွေအတွက် စက္ကူငွေသားကိုသာ ကိုင်ဆောင်သည့်အကျင့်က အရိုးစွဲနေပါပြီ။

ဘဏ်မန်နေဂျာတစ်ဦး၏ သားတစ်ဦးဖြစ်သူ ကျွန်တော့်မှာ အဖေ့ခေတ်က ဘဏ်လုပ်ငန်းအခြေအနေနှင့် သားခေတ်က ဘဏ်လုပ်ငန်းအခြေအနေတို့ကို နှိုင်းယှဉ်တွေးတောစရာဖြစ်လာရသည်။

၁၉၆၂ ခုနှစ်တွင် ကျွန်တော်မမွေးဖွားမီကပင် ကျွန်တော့်ဖခင်ကြီးမှာ နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် အရာရှိတစ်ဦးအဖြစ် တာဝန်စတင်ထမ်းဆောင်ခဲ့သည်။

မြန်မာ့စီးပွားရေးဘဏ်ခေတ်တွင် ကျွန်တော် လူလားမြောက်လာခဲ့သည်။ ယခုတွင်မှာတော့ ဖခင်ကြီးလည်း ဆုံးပါးရှာပြီ။ ဖခင်ကြီးကို လွမ်းမောသောစိတ်ဖြင့် ကျွန်တော် အတွေးနယ်ချဲ့နေမိသည်ကား . . .

### ဘဏ်ဟူသည်

ဘဏ်ဟူသော ဝေါဟာရကပင် တစ်မူထူးခြားလှသည်ဟု ကျွန်တော်ဆိုချင်ပါသည်။ ပါဠိသက် ဝေါဟာရမဟုတ်ပါ။ Bank ကို ဘဲင့် ဟု အသံဖလှယ်မှုမပြုဘဲ မြန်မာမှုအရ ဘဏ်ဟု အသံဖလှယ်ထားခြင်းမှာ ဆန်းကြယ်လှသည်။ ဘဏ္ဍာတော်ငွေများထားသိုရာ နေရာအဖြစ် မင်္ဂလာရှိလှပါသည်။

### ပထမဆုံးဘဏ်

အောက်မြန်မာနိုင်ငံ အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့ပြီးနောက် ပြည်ပနှင့် ကူးသန်းရောင်းဝယ်ရေးစတင်ခဲ့သည်။ ဤတွင် ဘဏ်များပေါ်လာသည်။ Presidency Bank of Bangal ၏ ဘဏ်ခွဲသည် ရန်ကုန်မြို့၌ ၁၈၆၀ ပြည့်နှစ်တွင် ပထမဆုံးပေါ်လာသည့် ဘဏ်ဖြစ်သည်။

၁၉၄၁ ခုနှစ်တွင် မြန်မာပြည်၌ ဘဏ်တိုက် ၂၀ ခန့်ရှိပြီး အားလုံးမှာ နိုင်ငံခြားသားပိုင်ဘဏ်များ ဖြစ်သည်။ နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးနှင့် နိုင်ငံခြားငွေ လဲလှယ်ရေးကိုအဓိက ဆောင်ရွက်ကြသဖြင့် Exchange Bank ဟု ခေါ်သည်။

၁၉၄၈ ခုနှစ်တွင် မြန်မာပြည်ဗဟိုဘဏ်ကို ထူထောင်ခဲ့သည်။ မြန်မာအမျိုးသားပိုင်ဘဏ်များမှာမူ လွတ်လပ်ရေးရပြီးနောက် ပေါ်ပေါက်လာခဲ့သည်။

၁၉၆၃ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် နိုင်ငံခြားသားပိုင်ဘဏ် ၁၄ ခုနှင့် အမျိုးသားပိုင် ဘဏ် ၁၀ ခုကို ပြည်သူပိုင်သိမ်းခဲ့သည်။ စီးပွားရေးလုပ်ငန်းတစ်ရပ်လုံးကို အစိုးရက ချုပ်ကိုင်ခြင်းနှင့်အတူ ပုဂ္ဂလိကကဏ္ဍ ပျောက်ကွယ်ခဲ့ရသည်။ စီးပွားရေးသစ်ပင်ကြီး ညှိုးလာခဲ့သဖြင့် ဘဏ်လုပ်ငန်းများ ဖူးပွင့်ဝေစည်မှု မရှိတော့။

### ဈေးကွက်စီးပွားရေးခေတ်

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ ထိုမှသည် တပ်မတော်အစိုးရခေတ်တို့ကို ဖြတ်သန်းခဲ့ကြသည်။ သမိုင်းဘီးတစ်ပတ်လည်လေသော် ဈေးကွက်စီးပွားရေးစနစ်ကို ပြန်လည်တည်ဆောက်ရမည့် ယနေ့ခေတ်သို့ ဝင်ရောက်ခဲ့ပြန်သည်။

ဈေးကွက်စီးပွားရေးမူဝါဒနှင့်အညီ ငွေရေးကြေးရေးလုပ်ငန်းများ ပြောင်းလဲလာသည်။ ဘဏ်လုပ်ငန်းဆောင်ရွက်ခွင့်လိုင်စင်များချပေးသည်။ နိုင်ငံခြားဘဏ်များလည်း ဝင်ရောက်လာသည်။

ဘဏ်ဟူသည် ငွေပို့သူနှင့် ငွေလိုသူကို ပေါင်းစပ်ပေးသည့်နေရာဖြစ်ပြီး ဈေးကွက်စီးပွားရေးစနစ်တွင် ဒေါင်းတလူ မောင်းတလူရှိနေရမည်သာ။ ဈေးကွက်စီးပွားရေးတွင် ပုဂ္ဂလိကဘဏ်များ၏ အခန်းကဏ္ဍမှာ အရေးကြီးလှသည်။ ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများ သွက်လက်နေသင့်ပါသည်။

မြန်မာနိုင်ငံ၌ ပုဂ္ဂလိကဘဏ် စတင်ပေါ်ပေါက်ခဲ့သည်မှာ ၂၄ နှစ်မျှရှိခဲ့ပြီဖြစ်သည်။ ပုဂ္ဂလိကဘဏ်များနုနယ်သည့်အဆင့်မှ ရင့်ကျက်သည့်အဆင့်သို့ ဝင်ရောက်လာပါပြီ။

ဝန်ဆောင်မှုများကို ဘဏ်များကပေးလျက်ရှိကြပြီး ပြည်သူများကလည်း ဘဏ်များအပေါ် ယုံကြည်စိတ်ချမှုရှိနေကြဖို့ လိုပါသည်။

ငွေကြေးအရင်းအမြစ်ပေါ်မူတည်၍ ဘဏ်များ လည်ပတ်နေကြပြီး ငွေရေးကြေးရေးဝန်ဆောင်မှုများကို ပေးနိုင်ပါသည်။ အရင်းငွေများမှသာ ငွေအပ်သူက ယုံကြည်စိတ်ချပြီး အပ်သူ၊ ချေးသူဦးရေ တိုးပွားမှလည်း ဘဏ်လုပ်ငန်းမှာ တွင်ကျယ်ကြီးပွားနိုင်ပါမည်။

ဈေးကွက်စီးပွားရေးခေတ်ကို မြှင့်တင်နိုင်ကြဖို့ ဘဏ်လုပ်ငန်းများ ခိုင်မာအားကောင်းနေရပါမည်။ ကူးသန်းရောင်းဝယ်ရေးဘဏ်များ အားကောင်းဖို့လိုသလို ရင်းနှီးမြှုပ်နှံမှုဘဏ်၊ စီးပွားရေးဘဏ်၊ ငွေရေးကြေးရေးကုမ္ပဏီများ၊ ငွေစုငွေချေးအသင်းများ စသည့် ငွေကြေးအဖွဲ့အစည်းများအားလုံး အချိုးညီညီလုပ်ငန်းများ တိုးတက်နေဖို့လိုပါမည်။

### ယုံကြည်မှုဖြင့် လုပ်ကိုင်

ဈေးကွက်စီးပွားရေးခေတ်ကို ဖော်ဆောင်ရာတွင် ဘဏ်များ၏အခန်းကဏ္ဍမှာ အထူးပင် အရေးကြီးလှသည်။

ဘဏ်များသည် ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုနှင့် တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်သူအားလုံးအတွက် ငွေထုတ်ချေးပါသည်။ ယင်းသို့ ငွေချေးပေးရာတွင် အာမခံချက်ရှိရန်ကား လိုအပ်ပေမည်။ မရွှေ့ပြောင်းနိုင်သော မြေနှင့် တိုက်တာနေအိမ်၊ စက်ရုံ၊ အလုပ်ရုံ၊ ကုန်ပစ္စည်းများနှင့် ကုန်ပစ္စည်းတင်ပို့ရေးဆိုင်ရာ စာရွက်စာတမ်းများကို အာမခံထားရသည်။

ဘဏ်က ချေးငွေများထုတ်ချေးပေးသည်။ လုပ်ငန်းများ စတင်နိုင်ရန်နှင့် တိုးချဲ့နိုင်စေရန် နှစ်ကာလအပိုင်းအခြားအလိုက် ထုတ်ချေးပေးသည်။ နှစ်ချင်းဆပ်၊ နှစ်လတ်နှင့် နှစ်ရှည်ချေးငွေဟူ၍ ရှိသည်။

ဘဏ်ချေးငွေ၏ ထူးခြားချက်မှာ ချေးယူသူ၏ ငွေချေးရခြင်းရည်ရွယ်ချက်ကိုကြည့်ခြင်း ဖြစ်သည်။ ချေးယူသူအပေါ် ယုံကြည်စိတ်ချရမှု၊ ချေးယူသူ၏ အသက်မွေးဝမ်းကျောင်းမှုအခြေအနေ၊ အာမခံပစ္စည်း ခိုင်မာမှုတို့မှာ ဘဏ်၏အခြေခံအကျဆုံး မှတ်ကျောက်များဖြစ်သည်။ ပြည်သူများကယုံကြည်၍ လာရောက်အပ်နှံထားသော ငွေများကိုအသုံးပြု၍ ချေးငွေထုတ်ချေးရာတွင် အရမ်းကာရော လက်သင့်ရာချေးငှားမိခြင်းမျိုးမရှိစေဘဲ ချေးယူသူ၏ လုပ်ငန်းအောင်မြင်မှုအလားအလာကို ချိန်ဆ၍သာလျှင် ချေးငှားရပေသည်။ ဘဏ်အနေဖြင့် စွန့်၍ချေးငှားပေးခြင်းသာဖြစ်ပြီး အပေါင်ပစ္စည်းရှိနေသည့်တိုင် ကြွေးဆုံးပြဿနာများ ပေါ်ပေါက်လာတတ်ပါသည်။

ပဏာမချေးထားသူများအနက်မှ ယုံကြည်စိတ်ချရသူကို ပိုမိုချေးပေးပါလိမ့်မည်။ ဘဏ်များသည် အဆုံးအရှုံးမရှိရအောင် စိစစ်မှုရှိရသည်။ စိတ်ချရသူ၊ ယုံကြည်ရသူ၊ ပြန်ဆပ်နိုင်သည့် အလားအလာရှိသူကို ဦးစားပေးကာ ငွေချေးပေးပေမည်။

### အားလုံးပါဝင်

မျက်မှောက်ကာလတွင် အစိုးရအဖွဲ့က ပုဂ္ဂလိကကဏ္ဍကို မြှင့်တင်အားပေးလျက်ရှိသဖြင့် တစ်နွယ်ငင် တစ်စင်ပါဆိုသလို နိုင်ငံတော်၏ ဘဏ်လုပ်ငန်းစနစ် ခိုင်မာအားကောင်းလာဖို့ အားလုံးက ပါဝင်ဆောင်ရွက်ကြရပါမည်။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးအကြီးဆုံး မောင်းနှင်အားများအနက် မောင်းနှင်အားတစ်ခုအဖြစ် ဘဏ်လုပ်ငန်းကဏ္ဍ ပေါ်ထွက်လာခဲ့ပါပြီ။

လွန်ခဲ့သည့်နှစ် အနည်းငယ်ကာလမှစ၍ ပုဂ္ဂလိကဘဏ်များ၏ ပြောင်ပြောင်မြောက်မြောက် တိုးတက်အောင်မြင်မှုများကို သတိပြုမိပါသည်။ မိုဘိုင်းဘဏ်လုပ်ငန်း၊ SMS Banking ၊ Net Banking နှင့် ATMs စသည်ဖြင့် ဝန်ဆောင်မှုအမျိုးမျိုးကို ပြည်သူများအတွက် ပေးလာနိုင်မှုကို တွေ့မြင်ရပါသည်။ ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်း၊ အွန်လိုင်းဘဏ်လုပ်ငန်း၊ အင်တာနက်မိုဘိုင်းဘဏ်လုပ်ငန်း၊ ခရက်ဒစ်ကတ် ဝန်ဆောင်မှု စသည်ဖြင့် ခေတ်မီတိုးတက်လာပါသည်။

ဘဏ်များအနေဖြင့် ပြည်သူများအတွက် အရည်အသွေးမြင့် ဝန်ဆောင်မှုများကို ပိုမိုပေးနိုင်ရန် ကြိုးပမ်းကြလိမ့်မည်ဟုလည်း မျှော်လင့်မိပါသည်။

ဘဏ်လုပ်ငန်းတိုးတက်မှု၏ ဘာရိုမီတာ(ပြဒါးတိုင်)တစ်ခုမှာ ချေးငွေဖွံ့ဖြိုးမှု(Credit growth) ဖြစ်ပါမည်။ ရင်းနှီးမြှုပ်နှံလိုသူများအတွက် ချေးငွေများ တိုးတက်ထုတ်ပေးနိုင်လျှင် လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းစတင်ခြင်း၊ လုပ်ငန်းတိုးချဲ့ခြင်းတို့ ပြုလုပ်နိုင်ပါမည်။

လုပ်ငန်းရှင်များအနေဖြင့် ဘဏ်များထံမှ ချေးငွေရရှိမှုပမာဏ တိုးပွားစေရန် မြန်မာ့အာမခံလုပ်ငန်းက ချေးငွေအာမခံစနစ် (Credit Guarantee Insurance) ကို ကျင့်သုံးလျက်ရှိပါသည်။ အကြောင်းတစ်စုံတစ်ရာကြောင့် ချေးငွေပြန်မဆပ်နိုင်သည့်အခါ အာမခံလုပ်ငန်းများက ကြားဝင်ပေးချေမည့် စနစ်ဖြစ်သဖြင့် ဘဏ်များအနေဖြင့် ချေးငွေပမာဏ ပိုမိုထုတ်ချေးပေးသွားနိုင်ရန် အထောက်အကူဖြစ်စေပါမည်။

ပြည်တွင်းဘဏ်များသည် လက်ရှိကာလတွင် လုပ်ငန်းလည်ပတ်နေသည့် လုပ်ငန်းရှင်များကိုသာ ချေးငွေထုတ်ပေးလေ့ရှိပါသည်။

မြန်မာနိုင်ငံ၌ အိမ်ရာခြံမြေ(Real Estate) လုပ်ငန်းဈေးကွက် စန်းထစဉ်က ဘဏ်များအနေဖြင့် အိမ်ရာခြံမြေလုပ်ငန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းဈေးကွက်နှင့် အခိုင်အမာ ချိတ်ဆက်ထားနိုင်ခဲ့ပါသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ ပြောင်းလဲလာသော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးပုံစံသစ်အရ အိမ်ရာခြံမြေလုပ်ငန်းနှင့် အိမ်ရာဆောက်လုပ်ရေးဈေးကွက်လည်ပတ်မှုကို ဥပဒေစည်းမျဉ်းများနှင့်အညီ ပိုမိုထိန်းချုပ်လာသည့်အခါ အိမ်ရာခြံမြေဆိုင်ရာ စွန့်စားရင်းနှီးမြှုပ်နှံသူများ အထိနာကြရပါသည်။ အိမ်ရာခြံမြေလုပ်ငန်း ဈေးကွက်လည်ပတ်နေမှု အရှိန်အဟုန် တုံ့နှေးသွားသည့်အခါ ယင်းဈေးကွက်အတွင်း ကျင်လည်နေသူများမှာ ဒုက္ခပင်လယ်ဝေရသည်ကို တွေ့လာရပါသည်။

ထိုနေရာတွင် တရုတ်နိုင်ငံ၏ သာဓကဖြစ်စဉ်တစ်ရပ်ကို ညွှန်းလိုပါသည်။ တရုတ်နိုင်ငံ၌ အိမ်ရာခြံမြေလုပ်ငန်း အံ့မခန်းကြီးထွားခဲ့စဉ်က အသေးစားရင်းနှီးမြှုပ်နှံသူလူသန်းပေါင်းများစွာတို့က ၎င်းတို့၏ စုဆောင်းငွေများကို ပုံအောကာ ဈေးကွက်အတွင်းသို့ အလျှိုအလျှိုဝင်ရောက်ခဲ့ကြပါသည်။

တရုတ်နိုင်ငံ၏ အိမ်ရာခြံမြေလုပ်ငန်းဈေးကွက်မှာ ကနဦးတွင် ဆပ်ပြာပူဖောင်းပမာ ရုတ်ခြည်းကြီးထွားလာခဲ့ရာ လူသန်းပေါင်းများစွာတို့က အစုရှယ်ယာများကို အလုအယက်ဝယ်ယူခဲ့ကြပါသည်။ ယင်းဈေးကွက်ကို အမှီပြု၍ နေ့တွင်းချင်း၊ ညတွင်းချင်း သန်းကြွယ်သူဌေးဖြစ်သွားသူတွေလည်းရှိပါသည်။

အလားအလာကောင်းလှသည့် ဈေးကွက်ကို အမှီပြု၍ ဆောက်လုပ်ရေးလုပ်ငန်းများကို ဥဒဟိုလုပ်ကိုင်ခဲ့ကြပြီး "ကွန်ဒိုမီနီယံရွာများ"ကို အပြိုင်းအရိုင်း ထူထောင်ခဲ့ကြပါသည်။ သို့ရာတွင် ရောင်းလိုအားနှင့် ဝယ်လိုအား ချိန်ခွင်လျှာ မမျှမတဖြစ်လာရပြီး ဈေးကွက်ပျက်သည့်အခါ ရှိစုမဲ့စု ရင်းနှီးမြှုပ်နှံခဲ့သူများမှာ "ကွန်ဒိုမီနီယံ ကျိန်စာ" သင့်ကြရပါသည်။

တရုတ်နိုင်ငံ၌ အိမ်ရာခြံမြေဈေးကွက်က ပူဖောင်းပမာ ရုတ်ခြည်းကြီးထွားခဲ့ပြီး ရုတ်ခြည်းပျက်ပြားသွားသည့်အခါ ပွက်လောရိုက်သံများ သောသောညံလာပါသည်။ ရှန်ဟိုင်းကဲ့သို့ မဟာမြို့ကြီးများ၌ အိမ်ရာခြံမြေဈေးနှုန်း၊ တိုက်ခန်းဈေးနှုန်း မြောက်နေဆဲကာလတွင် အရွယ်အစားသေးငယ်သော မြို့ပြထောင်ပေါင်းများစွာ၌ ဝယ်လက်ကင်းမဲ့နေခြင်းကြောင့် ရောင်းမထွက်သည့် တိုက်တာအိမ်ရာအမြောက်အမြားပေါ်ထွက်လာရာ ကွန်ဒိုမီနီယံ ကျိန်စာသင့်နေခဲ့ရပါပြီ။ လူသူကင်းမဲ့ကာ သူရဲခြောက်သည့်မြို့ကြီးများရှိနေပြီ ဟူ၍လည်း ပြောစမှတ်ပြုလာကြရပါသည်။

တရုတ်နိုင်ငံ၌ အိမ်ရာခြံမြေလုပ်ငန်းကဏ္ဍအတွက် ချေးငွေများတိုက်ရိုက်ပေးခဲ့သည့် ဘဏ်များမှာလည်း သောကပင်လယ်ဝေရပါသည်။

တရုတ်နိုင်ငံ၏သာဓကကိုထောက်ချင့်၍ သင်ခန်းစာယူနိုင်သည်မှာ ငါးပွက်ရာ ငါးစာချမှုမှ ရှောင်ကြဉ်ကြရန်သာဖြစ်ပါသည်။ အထူးအားဖြင့် အသေးစားရင်းနှီးမြှုပ်နှံသူတို့မှာ ငါးပွက်သည့်နေရာ တစ်နေရာတည်းကိုသာ အာရုံမစိုက်ကြဘဲ အလားအလာရှိနိုင်သော စီးပွားရေးလုပ်ငန်း ကဏ္ဍပေါင်းစုံတွင် ဖြန့်ကြက်လုပ်ကိုင်ရန် အာရုံစိုက်သင့်ကြပါသည်။

ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် မိမိ၏နိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရမည့်အပြင် ဒေသဆိုင်ရာ စီးပွားရေးနှင့်ချိတ်ဆက်ကာ လုပ်ဆောင်ရမည်သာဖြစ်သည်။ မိမိဦးတည်သော ဈေးကွက်သည် ပြည်တွင်းဈေးကွက်တစ်ခုတည်းအပေါ်တွင်သာ အခြေမပြုဘဲ ရေရှည်တွင် ဒေသဆိုင်ရာဈေးကွက်အထိ ထိုးဖောက်ဝင်ရောက်နိုင်ရန် အမြော်အမြင်တရားဖြင့် လုပ်ကိုင်ရပါမည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါကြွယ်ဝပြီး ရှုမငြီးဖွယ်ရာ ရေ၊ မြေ၊ တော၊ တောင်တို့နှင့် ပန်းတင့်လှပါသည်။ သို့ဖြစ်၍ မိမိတို့နိုင်ငံ၏ အနာဂတ်ကာလအတွက် အလားအလာကောင်းသော ဈေးကွက်သစ်များကို ဖော်ဆောင်နိုင်ရန် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ဓာတ်သတ္တုနှင့် ကျောက်မျက်တူးဖော်ရေးလုပ်ငန်း စသည့်လုပ်ငန်းများတွင် ပါဝင်ရင်းနှီးမြှုပ်နှံရေးကို စဉ်းစားရဖွယ်ရှိလာသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားကောင်းလျက်ရှိသော အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများ၌ နိုင်ငံ့ဝင်ငွေလည်း တိုးစေနိုင်၊ ရင်းနှီးမြှုပ်နှံသူ၏ လုပ်ငန်းကိုလည်း မြင့်မားစေနိုင်သော ဈေးကွက်များတွင် ပါဝင်လုပ်ကိုင်နိုင်ကြစေဖို့ ဘဏ်များက အားပေးမြှင့်တင်လျက်ရှိကြသည်ကို တွေ့မြင်ရပါသည်။

သာဓကတစ်ရပ်ကိုညွှန်းရလျှင် ဩစတြေးလျနိုင်ငံသည် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းဖြင့် နိုင်ငံ့ဝင်ငွေတိုးအောင် ကြိုးပမ်းနိုင်သည်ကိုတွေ့ရပါသည်။ စီးပွားရေးအရ ရတနာပုံဆိုက်သည့်လုပ်ငန်းအဖြစ် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေးဈေးကွက်ကို ချဲ့ထွင်ခဲ့ကြပါသည်။ အလားတူပင် မွန်ဂိုလီးယားနိုင်ငံ၌ ကန္တာရထဲမှ ရတနာမြေများကို ဖော်ထုတ်လျက်ရှိပါသည်။ ယင်းနိုင်ငံကို တရုတ်နှင့် ရုရှားတို့က နည်းပညာအရရော ငွေကြေးအရင်းအမြစ်အရပါ ထောက်ပံ့ပေးလျက်ရှိပါသည်။

ကမ္ဘာ့ဘဏ်အုပ်စုသည် နေအင်အား ကုံလုံကြွယ်ဝမှုမရှိသော နိုင်ငံများအနေဖြင့် သဘာဝအရင်းအမြစ်များ ထုတ်ယူရောင်းချခြင်းမှတစ်ဆင့် စီးပွားတိုးစေရန် ကူညီပေးနေသည်ကိုလည်း တွေ့ရပါသည်။ ဖိလစ်ပိုင်၊ ပါပူဝါနယူးဂီနီ၊ လာအို စသည့်နိုင်ငံများကို ချေးငွေများထုတ်ပေးကာ ကမ္ဘာ့ဘဏ်ကကူညီနေသည်ကိုလည်း တွေ့ရပါသည်။

ရေ၊ မြေ၊ တော၊ တောင်များကို ပြသရင်း စီးပွားရှာနိုင်သည့် "မီးခိုးမထွက်သည့် လုပ်ငန်းများ"သည်လည်း မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများအတွက် နိုင်ငံ့ဝင်ငွေတိုးစေရန် အထောက်အပံ့ပေးသောလုပ်ငန်းများဖြစ်ပါလိမ့်မည်။ သဘာဝအခြေခံခရီးသွားလုပ်ငန်းသည် ရပ်ရွာအခြေပြုလုပ်ငန်းများအဖြစ် အောင်မြင်လာမည့်လက္ခဏာများကိုလည်း တွေ့မြင်လာရပါသည်။ ဂေဟစနစ်ကောင်းမွန်လှသော မြန်မာနိုင်ငံသည် ရေ၊ မြေ၊ တော၊ တောင်များကိုပြသရင်း စီးပွားရှာနိုင်သည့်နိုင်ငံအဖြစ် အလားအလာကောင်းလှသည်ဟု ရှုမြင်မိပါသည်။

သဘာဝပတ်ဝန်းကျင်မပျက် ခရီးဆက်နိုင်ရေးမှာ အရေးကြီးလှပါသည်။ စက်မှုနိုင်ငံထူထောင်နိုင်ရေးသို့လည်း ဦးတည်၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိရေးဆီသို့လည်း ဦးတည်ရပါမည်။

ပြောင်းလဲလာသော ခေတ်နှင့်အညီ အားလုံးပါဝင်နိုင်မည့် စီးပွားရေးဖြစ်ဖို့ ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့်လမ်းကြောင်းအတိုင်း လက်တွဲညီညီ လျှောက်လှမ်းကြရပါမည်။ တိုင်းပြည်ဖွံ့ဖြိုးအောင် အသေးစားနှင့် အလတ်စားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာစေဖို့ ငွေကြေးအရင်းအမြစ်များကို အထိရောက်ဆုံးဖြစ်အောင် အသုံးချကြရပါမည်။

ဤတွင် ဘဏ်များ၏အခန်းကဏ္ဍမှာ အလွန်အရေးကြီးလာပါသည်။ စစ်မှန်သော ဈေးကွက်စီးပွားရေးစနစ်ကို တည်ဆောက်ရာတွင် ဘဏ်များအနေဖြင့် လည်ပတ်နေသည့် လုပ်ငန်းမရှိသည့်တိုင် လုပ်ငန်းအစီအစဉ်(Business Project Plan) တင်ပြနိုင်သူများကိုပါ ချေးငွေများ ထုတ်ပေးမှုကို တိုးတက်ပြုလုပ်သင့်ပါသည်။ လုပ်ငန်းသစ်စတင်လိုသူများကို အားပေးရပါမည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs) ဖွံ့ဖြိုးရေးသည် ဘဏ်လုပ်ငန်းကဏ္ဍ ခိုင်မာအားကောင်းရေးနှင့် တိုက်ရိုက်ဆက်နွယ်နေပြီး အမျိုးသားစီးပွားရေးတိုးတက်ရေးတွင် ဘဏ်များ၏ ပါဝင်နိုင်မှုကိုမြှင့်တင်ရန် လိုအပ်ပါမည်။

ပြည်သူပိုင်ဘဏ်၊ ဝါရင့်ပုဂ္ဂလိကဘဏ်၊ ဝါနုပုဂ္ဂလိကဘဏ်၊ နိုင်ငံခြားဘဏ် စသည်ဖြင့် ဘဏ်အမျိုးမျိုးရှိကြရာဝယ် အရေးကြီးလှသည်မှာ မိမိတို့၏ ဘဏ်အမျိုးအစားအလိုက် စွမ်းဆောင်ရည်မြင့်မားတိုးတက်နေဖို့၊ ဘဏ်အချင်းချင်း ချိတ်ဆက်လုပ်ကိုင်နိုင်ဖို့ အရေးကြီးလှပါသည်။

ဘဏ်များ အားကောင်းလာလေလေ၊ စီးပွားရေးအားကောင်းလာလေလေ ဖြစ်ပေမည်။ ရင်းနှီးမြှုပ်နှံလိုသူများအတွက် ရနိုင်သည့်ငွေကြေးအရင်းအမြစ်များကို အထိရောက်ဆုံး၊ အမှန်ကန်ဆုံးအသုံးပြုကာ လုပ်ငန်းသစ်စတင်ခြင်း၊ လက်ရှိလုပ်ငန်းချဲ့ထွင်ခြင်းတို့ ပြုလုပ်နိုင်ပါမည်။ ငါးပွက်ရာ ငါးစာမချဘဲ နိုင်ငံတော်၏အလားအလာကောင်းသော လုပ်ငန်းနယ်ပယ်မျိုးစုံကို ဖြန့်ကြက်ရှုမြင်ကာ အားထည့်လုပ်ကိုင်သွားကြရန် လိုအပ်ပါမည်။

ယနေ့ကာလတွင် မြန်မာနိုင်ငံ လူဦးရေ၏ ငါးရာခိုင်နှုန်းခန့်ကိုသာ ဘဏ်များက ဝန်ဆောင်မှုပေးနိုင်ပါသေးသည်။ ပြည်သူကို ဗဟိုပြုသော အမျိုးသားပိုင်ဘဏ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်းကြရပါမည်။

အသေးစားနှင့်အလတ်စားလုပ်ငန်းများ အားကောင်းလာမည်ဆိုလျှင် ပြည်သူတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပေါများလာပါမည်။ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများ ထိရောက်မှုရှိပြီး စီးပွားရေးလုပ်ငန်းမှန်သမျှ အချိုးညီညီ တိုးတက်လာမည်ဆိုလျှင် စီးပွားရေးခိုင်မာတောင့်တင်းသည့် နိုင်ငံတော်ကြီးအဖြစ် ကြွားကြွားဝင့်ဝင့် ငွားငွားစွင့်စွင့် ရပ်တည်လာနိုင်ပါမည်။ ။

## မူးယစ်ဆေးဝါးအန္တရာယ်နှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲပြုလုပ်

**လွိုင်ကော် နိုဝင်ဘာ ၂၉**
ကယားပြည်နယ် လွိုင်ကော်မြို့တွင် မူးယစ်ဆေးဝါးအန္တရာယ်နှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၇ ရက်က ချိကယ်ကျေးရွာအုပ်စု ဒေါကလိုးခူကျေးရွာရှိ ကိုယ့်အားကိုယ်ကိုးလူငယ်ရိပ်သာရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ဒုရဲမှူးဝင်းဌေးက ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ ယာဉ်အန္တရာယ် အသိပညာပေးခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောခြင်းများ၊ ကျောင်းနေအရွယ်များမှာ မူးယစ်ဆေးဝါးများသုံးစွဲခြင်း၊ အုပ်စုဖွဲ့ခိုက်ရန်ဖြစ်ပွားခြင်းများ ဖြစ်ပေါ်နေသည့်အတွက် မိမိတို့၏ သားသမီးများအား လမ်းကြောင်းမှန်သို့ တွန်းပို့ပေးနိုင်ရန်အတွက် ရပ်မိရပ်ဖများမှ ဝိုင်းဝန်းကူညီပေးကြရန်၊ မှုခင်းဖြစ်ပေါ်လာပါက ပြည်သူအနေဖြင့် ရဲတပ်ဖွဲ့နှင့်အတူ ဝိုင်းဝန်းကူညီ ဖော်ထုတ်ပေးကြရန်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ရဲတပ်သားသစ်များ ဝင်ရောက်ရန် စည်းရုံးဟောပြောခြင်းများဆောင်ရွက်ခဲ့သည်။

ယင်းနောက် လွိုင်ကော်မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဝင်းနိုင်မှ မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ ဆိုးကျိုးများ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များအကြောင်းကို အသေးစိတ်ရှင်းလင်းပြောကြားပြီး လက်ရှိ အဖြစ်များနေသော သက်ငယ်မုဒိမ်းမှုများနှင့် လူသတ်မှုများပါကျူးလွန်လာနိုင်သည့်ဖြစ်စဉ်များအား အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။ ဟောပြောပွဲသို့ ချိကယ်ကျေးရွာ အုပ်ချုပ်ရေးမှူးဦးလူရယ်နှင့် ကျေးရွာနေပြည်သူလူထုများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

## မိုးစပါးရိတ်သိမ်းချိန်ကုလားပဲကို သီးထပ်သီးညှပ်အဖြစ် စိုက်ပျိုးသည့်အတွက် ကုလားပဲမျိုးစေ့များ ရောင်းအားကောင်း



**အမရပူရ နိုဝင်ဘာ ၂၉**
အမရပူရမြို့နယ်တွင် မိုးစပါး ရိတ်သိမ်းခါနီးအချိန်တွင် စပါးခင်းအတွင်းစိုက်ပျိုးထားသော ကုလားပဲမျိုးစေ့များ ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

စပါးစိုက်တောင်သူများမှာ မိုးစပါးရိတ်သိမ်းခါနီးအချိန် စပါးခင်းအတွင်း နောက်ဆုံး စပါးအောင်ရေသွင်းကြသည်။ အောင်ရေသွင်းသည့်အချိန် ရေခမ်းပြီး မစိုမခြောက်ကာလတွင် စပါးခင်းအတွင်း ကုလားပဲမျိုးစေ့များကို ပက်ကြဲကာ သီးထပ် သီးညှပ်အဖြစ် စိုက်ပျိုးကြသည်။

ရေအစိုဓာတ်နှင့် ကုလားပဲပင်များ အပင်ပေါက်ပြီး အနည်းငယ်ကြီးသည့်အချိန်နှင့် လယ်ရိတ်သည့်အချိန်မှာ ချိန်သားကိုက်ဖြစ်နေတတ်သည်။လယ်ရိတ်သိမ်းပြီးသည်နှင့် ကုလားပဲပင်များ နုင်းရည်သောက်ကာကြီးထွားလာတတ်သည်။ လယ်ရိတ်အပြီး စပါးခင်းအတွင်း ကုလားပဲ စိုက်ပျိုးခြင်းဖြင့် မြေပြင်ပြီးဖြစ်သလို သီးထပ်သီးညှပ်အဖြစ် ကုလားပဲရရှိအောင်ပြုလုပ်ကြသည်။

ဆောင်းတွင်းဖြစ်သည့်အတွက် အချို့သော လယ်စိုက်တောင်သူများနှင့် ကိုင်းကျွန်းတောင်သူများမှာ ဆူးပန်း၊ နံနံတို့ကိုလည်း စိုက်ပျိုးလေ့ရှိသည်။ လက်ရှိကာလ ကုလားပဲမျိုးစေ့ တစ်ပြည်ငွေကျပ် ၃၂၀၀၊ ဆူးပန်းတစ်ပြည် ၁၂၀၀၊ ပဲချဉ်ပေါင်တစ်ပြည်လျှင် ငွေကျပ် ၁၈၀၀၊ ချဉ်ပေါင်တစ်ပြည်လျှင်ငွေကျပ် ၈၀၀၊ နံနံတစ်ပြည်လျှင် ကျပ် ၁၀၀၀၊ မြေဩဇာတစ်ပြည်လျှင် ငွေကျပ် ၈၀၀၊ ဖူးပြောင်းတစ်ပြည်လျှင် ငွေကျပ် ၈၀၀၊ ပဲယင်းတစ်ပြည် ငွေကျပ် ၁၂၀၀၊ ဆူးပန်းတစ်ပြည် ကျပ် ၄၅၀၀ ဖြင့် ရောင်းချလျက်ရှိသည်။

လက်ရှိကာလ မိုးစပါး စိုက်ပျိုးပြီးချိန်နှင့် ဆောင်းသီးနှံစိုက်ပျိုးမှုအတွက် ကုလားပဲ၊ ပဲယင်း၊ နံနံ၊ ဆူးပန်းမျိုးစေ့များ ရောင်းအားကောင်းလျက်ရှိကြောင်း 'မျိုးမျိုး' မျိုးစေ့နှင့် မြေဩဇာရောင်းဝယ်ရေးဆိုင်က ပြောပြသည်။

**စိုးရွှေ**

## လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း(၂/၂၀၁၆) သင်တန်းဖွင့်လှစ်

**မြစ်သား နိုဝင်ဘာ ၂၉**
မြစ်သားမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့်စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း(၂/၂၀၁၆)ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၈ ရက်နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များပြောကြားခဲ့ပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းသန်းလွင်က သင်တန်းစည်းကမ်းချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သင်တန်းသား၊ သင်တန်းသူ (၁၇၄)ဦး တက်ရောက်ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

## လူစုလူဝေးအားစနစ်တကျထိန်းသိမ်းခြင်း(ဆင့်ပွား)သင်တန်း (၅/၂၀၁၆)သင်တန်းဖွင့်ပွဲကျင်းပ

**စစ်ကိုင်း နိုဝင်ဘာ ၂၉**
စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှ လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်း Crowd Management (ဆင့်ပွား) သင်တန်း (၅/၂၀၁၆)သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၈ ရက်နံနက် ၈ နာရီက စစ်ကိုင်းမြို့နယ် ရဲတပ်ဖွဲ့ ရဲရင့်ရိပ်သာ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးကိုယ်စား စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြသင်းက သင်တန်းဖွင့်လှစ်သင်ကြားပို့ချရခြင်း ရည်ရွယ်ချက်နှင့် ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရဲလုပ်ငန်းတာဝန်ဝတ္တရားများ ဆောင်ရွက်စဉ် တရားခံများ၏ ပြန်လည်အကြမ်းဖက် ရန်ပြုတုံ့ပြန်မှုများကြောင့် ရဲတပ်ဖွဲ့ဝင်များ ထိခိုက်အနာတရ ဖြစ်ခဲ့ရသည့်ဖြစ်စဉ်များ အများအပြားပေါ်ပေါက်ခဲ့သည့်အတွက် ထိခိုက်ဒဏ်ရာရရှိမှုများမှ ရှောင်လွှဲနိုင်စေရန် လူစုလူဝေးအားကိုင်တွယ်ထိန်းသိမ်းရာတွင် နိုင်ငံတကာမှ ကျင့်သုံး ဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များ၏စနစ်တကျကိုင်တွယ်ဆောင်ရွက်နေမှုအား နားလည်သဘောပေါက်စေရန်၊ အမှုအခင်းများ ဖြစ်ပွားရာတွင် ဖြစ်စဉ်အခြေအနေ၊ အမှုမှန်ပေါ်ပေါက်ရေးနှင့် သက်သေခံပစ္စည်းများအားစနစ်တကျမှတ်တမ်းတင် ဆောင်ရွက်တတ်စေရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ လေးဦး၊ စစ်ကိုင်းမြို့နယ်ရဲတပ်ဖွဲ့မှ ၁၈ ဦး၊ မြင်းမူမြို့နယ်ရဲတပ်ဖွဲ့မှ ၁၄ ဦးနှင့် မြောင်မြို့နယ်ရဲတပ်ဖွဲ့မှ ၁၄ ဦး စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်း(စစ်ကိုင်း)**

## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများစွမ်းရည်မြှင့်သင်တန်း (၂/၂၀၁၆)ဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၂၉**
ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)က ကြီးမှူး ဖွင့်လှစ်သည့် ဝန်ထမ်းများ စွမ်းရည်မြှင့်သင်တန်း (၂/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) သင်တန်းကျောင်း ပျဉ်းမနားမြို့၌ ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) မှ ညွှန်ကြားရေးမှူးများ၊ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

စွမ်းရည်မြှင့်သင်တန်း (၂/၂၀၁၆) တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ အမှုထမ်းဝန်ထမ်း ၃၀ ဦးတို့အား နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၂၃ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်းသိရသည်။ **စိုးမိုး(ပြန်/ဆက်)**

## ၂၀၁၆– ၂၀၁၇ ပညာသင်နှစ် စတုတ္ထတန်း ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်

**အိမ်မဲ နိုဝင်ဘာ ၂၉**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် အ-ထ-က (အိမ်မဲ) တွင် နိုဝင်ဘာ ၂၆ ရက်နှင့်၂၇ ရက်တို့တွင်၂၀၁၆-၂၀၁၇ ပညာသင်နှစ် စတုတ္ထတန်း ဘာသာရပ်အလိုက်မေးခွန်းများစနစ်တကျပြုစုနိုင်ရန်ရည်ရွယ်၍ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲသို့ အိမ်မဲမြို့နယ်အခြေခံပညာကျောင်းများမှ စတုတ္ထတန်းဘာသာရပ်သင် ဆရာ၊ ဆရာမ သင်တန်းသား ၃၃၆ ဦးတက်ရောက်ခဲ့ပြီး နည်းပြ ၅၀ ဦး၊ ကြီးကြပ်သူ နှစ်ဦးဖြင့် နှစ်ရက်ကြာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန် /ဆက်)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး (မွမ်းမံ)သင်တန်း (၁/၂၀၁၆) ဖွင့်ပွဲကျင်းပ

**ခင်ဦး နိုဝင်ဘာ ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ဦးအောင်ဇေယျရိပ်သာ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ် မီးသတ်ဦးစီးမှူး ကျော်စိုးပိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းကို ရပ်ကွက်၊ ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုသင်တန်းဖွင့်လှစ်ရခြင်းမှာ အရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရေး စွမ်းရည်ထက်မြက်စေရန်၊ မီးလောင်မှုလျော့နည်းစေရန်နှင့် မီးလောင်မှုဖြစ်ပွားပါက ဆုံးရှုံးမှုတန်ဖိုး နည်းနိုင်သမျှနည်းအောင် မီးငြိမ်းသတ်နိုင်ရန် ပို့ချခြင်းဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူးက ပြောသည်။ **ခင်ဦးစိုးဝေ**



# တစ်ပတ်အတွင်း ထူးခြားအားကစား သတင်းများ



နိုင်လင်းကြည်
ရေးသားတင်ဆက်သည်။

ဒီတစ်ပတ်ထူးခြားသတင်းတွေအဖြစ် ပရီမီယာလိဂ်မှာ ရက်ပေါင်း ၁၆၆၄ ရက်ကြာမှ ပြန်လည်ကစားခွင့်ရရှိခဲ့တဲ့ ပေါလ်ရော်ဘင်ဆင်၊ ကစားသမားဘဝကနေ အနားယူခဲ့ပေမယ့် လီဗာပူးအသင်းကို သံယောဇဉ်မပြတ်သေးတဲ့ ဂျာရတ်၊ အသက်အရွယ်အားဖြင့် ၃၃ နှစ်ရှိနေပြီဖြစ်ပေမယ့် ၂၀၁၈ ခုနှစ်အထိ ဘိုင်ယန်မှာ ဆက်ရှိနေမယ့် စာချုပ်သစ်ချုပ်ဆိုခဲ့တဲ့ ရီဘာရီ၊ ဘောလုံးလောကမှာ ဖြစ်ပွားနေတဲ့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေကို စုံစမ်းစစ်ဆေးတော့မယ်ဆိုတဲ့အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်၊ လေ့ကျင့်ရေးကွင်းမှာ အူစိန်ဘို့ရဲ့ ကိုယ်ပိုင်စတိုင်နဲ့အတူ ပျော်ရွှင်နေခဲ့တဲ့ ရာမို့စ်၊ ရီးယဲလ်မှာ ပုံမှန်ပွဲထွက်ခွင့်ပျောက်နေသူကို အပြိုင်ခေါ်မယ်ဆိုတဲ့ ကွန်တီနဲ့ မော်ရင်ဟို စတဲ့ ဒီတစ်ပတ်ရဲ့ ထူးခြားသတင်းတွေကို ထုတ်နုတ်တင်ဆက်ပေးလိုက်ပါတယ်။

## ပရီမီယာလိဂ်မှာ ၁၆၆၄ ရက်ကြာမှ ပြန်လည်ကစားခွင့်ရခဲ့တဲ့ ပေါလ်ရော်ဘင်ဆင်


ဘန်လေအသင်းနဲ့ မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁၃)မှာ ဘန်လေအသင်းဟာ မန်စီးတီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပါတယ်။ အဲဒီပွဲစဉ်ဟာ ဘန်လေဂိုးသမား ပေါလ်ရော်ဘင်ဆင်အတွက် ဘန်လေအသင်းနဲ့အတူ ရက်ပေါင်း ၁၆၆၄ ရက်အကြာမှာ ပရီမီယာလိဂ်ပွဲစဉ် ပြန်လည်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး ဘန်လေအသင်းရဲ့ ပထမဦးစားပေးကစားသမားဖြစ်တဲ့ တွမ်ဟီတန် ဒဏ်ရာပြဿနာကြုံနေခဲ့လို့သာ ပါဝင်ပွဲထွက် ကစားခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ ဂိုးသမားပေါလ်ရော်ဘင်ဆင်ရဲ့ အသက်ဟာ (၃၇)နှစ်အရွယ်ရှိနေပြီဖြစ်ပြီး ၂၀၁၂ ခုနှစ် မေလအတွင်းက ဘန်လေအသင်းနဲ့ ဝီဂန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ နောက်ဆုံးကစားခွင့်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

## ဘောလုံးလောကမှာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေကို စုံစမ်းစစ်ဆေးမယ့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်အနေနဲ့ ဘောလုံးလောကမှာ ဖြစ်ပေါ်နေခဲ့တဲ့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေကို စုံစမ်းစစ်ဆေးသွားမယ်လို့ အခုတစ်ပတ်ထဲမှာပဲ အခိုင်အမာပြောကြားခဲ့ပါတယ်။ လူငယ်ကစားသမားတွေအနေနဲ့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေကို လုပ်ဆောင်နေတဲ့အကြောင်း ဘောလုံးသမားဟောင်းတချို့ဆိုခဲ့တဲ့အပြင် ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့လည်း သူတို့ရဲ့ Hotline ကိုခေါ်ဆိုတိုင်ကြားလာတာတွေနဲ့ ပတ်သက်လို့ စုံစမ်းစစ်ဆေးမှု တွေပြုလုပ်နေတယ်လို့ ဆိုပါတယ်။ အဲဒါကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်အနေနဲ့လည်း အဲဒီရဲတပ်ဖွဲ့ဝင်တွေနဲ့အတူ ပူးပေါင်းဆောင်ရွက်နေကြတာဖြစ်ပြီး ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့(ပီအက်ဖ်အေ)ရဲ့ အကြီးအကဲ ဖြစ်သူ ဂျော်ဒန်တေလာကတော့ ခရူဝီ၊ မန်စီးတီးနဲ့ နယူးကာဆယ်အပါအဝင် အနည်းဆုံးအသင်း ခြောက်သင်း သို့မဟုတ် ခုနစ်သင်းမှာရှိတဲ့ ကစားသမားတွေနဲ့ ပတ်သက်နေတယ်လို့လည်း ပြောခဲ့ပါတယ်။ ဒါပေမယ့် အခုလက်ရှိ အင်္ဂလန်ရဲ့ လိဂ်လေးလိဂ်မှာ ကစားနေတဲ့ ကစားသမားတွေမပါဝင်ဘူးလို့လည်း ဆိုခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်စေ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်အနေနဲ့ကတော့ ဘောလုံးလောကမှာဖြစ်ပေါ်နေတဲ့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေကိုတော့ ရဲတပ်ဖွဲ့ဝင်တွေနဲ့ ပူးပေါင်းပြီး စုံစမ်းစစ်ဆေးမှုတွေပြုလုပ်သွားမယ်ဆိုတာ တရားဝင်ပြောကြားခဲ့ပါတယ်။



## ၂၀၁၈ အထိ ဘိုင်ယန်မှာ ဆက်ရှိနေမယ့် စာချုပ်သစ်ချုပ်ခဲ့တဲ့ ရီဘာရီ



ဘိုင်ယန်မြူးနစ်အသင်းရဲ့ တိုက်စစ်ပိုင်းမှာ အားထားရတဲ့ ပြင်သစ်ကစားသမားတစ်ဦးဖြစ်သူ ရီဘာရီဟာ ၂၀၀၇ခုနှစ်ကတည်းက မာဆေးလ်အသင်းကနေပြောင်းရွှေ့လာခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းမှာ ကစားခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့ လက်ရှိစာချုပ်သက်တမ်းဟာဆိုရင်လည်း အခုနှစ်ဘောလုံးရာသီကုန်မှာ ကုန်ဆုံးတော့မှာဖြစ်ပါတယ်။ ဒါပေမယ့် အခုစာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့တာကြောင့် အသက်(၃၃)နှစ်အရွယ်ရှိ ဖရန့်ရီဘာရီဟာ ၂၀၁၈ ခုနှစ်အထိ ဘိုင်ယန်မြူးနစ်အသင်းမှာ ဆက်ရှိနေမှာဖြစ်တယ်လို့ ဘိုင်ယန်မြူးနစ်အသင်းက အတိအလင်းကြေညာခဲ့ပါတယ်။ ရီဘာရီဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ဘွန်ဒက်လီဂါဖလားကို ခြောက်ကြိမ်အထိဆွတ်ခူးခဲ့တာဖြစ်ပြီး ပြိုင်ပွဲအရပ်ရပ်မှာ ၃၃၃ ပွဲအထိ ပါဝင်ကစားပေးခဲ့သလို သွင်းဂိုး ၁၀၈ ဂိုးအထိလည်းသွင်းယူပေးနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

## ကစားသမားဘဝကနေ အနားယူခဲ့ပေမယ့် လီဗာပူးကို သံယောဇဉ်မပြတ်သေးတဲ့ ဂျာရတ်

အင်္ဂလန်အသင်းနဲ့ လီဗာပူးအသင်းတို့ရဲ့ အသင်းခေါင်းဆောင်ဖြစ်သူ စတီဗင်ဂျာရတ်ဟာ ယခုတစ်ပတ်ထဲမှာပဲ ကစားသမားဘဝကနေ အနားယူလိုက်ပြီဖြစ်ကြောင်း လူသိရှင်ကြားကြေညာခဲ့သူပါ။ ဂျာရတ်ဟာ လီဗာပူးအသင်းကနေ အယ်လ်အေဂလက်ဆီအသင်းကို ပြောင်းပြီးကစားခဲ့ပေမယ့် ကာလကြာရှည်မကစားတော့ဘဲ အနားယူခဲ့တာဖြစ်တယ်။ ကစားသမားဘဝကနေ အနားယူခဲ့တယ်ဆိုပေမယ့် အနားယူပြီးချိန်မှာပဲ အသင်းဟောင်းလီဗာပူးအသင်းနဲ့ ဆန်းဒါးလန်းအသင်းတို့ ကစားခဲ့တဲ့ပွဲစဉ်မှာ အန်ဖီးလ်ကွင်းကို လာရောက်ကြည့်ရှုခဲ့ပါသေးတယ်။ ဂျာရတ်အနေနဲ့ ကစားသမားဘဝကနေအနားယူပြီးနောက် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်မှာ နည်းပြအဖွဲ့ဝင်တစ်ဦးဖြစ်လာဖို့ သတင်းတွေထွက်ပေါ်နေသလို သူ့အနေနဲ့လည်း နည်းပြရာထူးတစ်နေရာရဖို့ မျှော်လင့်နေသူပါ။ လီဗာပူးအသင်းနည်းပြ ဂျာဂန်ကလော့ကလည်း ဂျာရတ်အတွက်ဆိုရင် အန်ဖီးလ်မှာ အမြဲတမ်းတံခါးဖွင့်ထားပါတယ်လို့ ဆိုခဲ့ဖူးတာကြောင့် လီဗာပူးအသင်းကို နည်းပြအဖွဲ့ဝင်တစ်ဦးအနေနဲ့ ရောက်လာလေမလားဆိုတာကတော့ ဆက်လက်စောင့်ကြည့်ရဦးမှာပါ။



## လေ့ကျင့်ရေးကွင်းမှာ အူစိန်ဘို့ရဲ့ ကိုယ်ပိုင်စတိုင်နဲ့အတူ ပျော်ရွှင်ခဲ့တဲ့ ရာမို့စ်

ရီးယဲလ်မက်ဒရစ်အသင်းရဲ့ နောက်တန်းကစားသမားတစ်ဦးဖြစ်တဲ့ ဆာဂျီယိုရာမို့စ်ဟာ လေ့ကျင့်ရေးကွင်းမှာ အူစိန်ဘို့ရဲ့ ကိုယ်ပိုင်စတိုင်နဲ့အတူ ကစားဖော်တွေနဲ့ ပျော်ရွှင်ခဲ့တဲ့အမူအရာတွေကို သူ့ရဲ့ အင်စတာဂရမ်မှာ တင်ခဲ့ပါတယ်။ စပိန်ကြယ်ပွင့်ရာမို့စ်အနေနဲ့ ဒူးဒဏ်ရာပြဿနာကြောင့် ကာလကြာရှည်အနားယူခဲ့ရတဲ့အပြင် ရီးယဲလ် မက်ဒရစ်အသင်းက စပို့တင်းဂီဂွန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာတော့ ပြန်လည်ပွဲထွက်ကစားနိုင်ခဲ့ပါတယ်။ သူ့ရဲ့ ဒဏ်ရာပြဿနာဟာ စပိန်အသင်းနဲ့ အယ်လ်ဘေးနီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်မှာ ရရှိခဲ့တာဖြစ်ပြီး ဒဏ်ရာကပြန်လည်သက်သာလာပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းရဲ့ လေ့ကျင့်ရေးကွင်းကို ရောက်ရှိလာခဲ့တဲ့အချိန်မှာတော့ အူစိန်ဘို့ရဲ့အောင်မြင်မှုရရှိတိုင်း အောင်ပွဲခံမြဲဖြစ်တဲ့ ကိုယ်ပိုင်စတိုင်နဲ့ ပီပီပြင်ပြင်သရုပ်ဆောင်ထားတဲ့ဓာတ်ပုံတွေကို သူ့ရဲ့အင်စတာဂရမ်မှာ တင်ခဲ့တာဖြစ်ပါတယ်။

## ရီးယဲလ်မှာပုံမှန်ပွဲထွက်ခွင့်ပျောက်နေသူကို အပြိုင်ခေါ်မယ်ဆိုတဲ့ ကွန်တီနဲ့ မော်ရင်ဟို

မန်ယူအသင်းနည်းပြ မော်ရင်ဟိုက အရင်က တာဝန်ယူကိုင်တွယ်ခဲ့တဲ့ ရီးယဲလ်မက်ဒရစ်အသင်းမှာ ကစားနေတဲ့ ကိုလံဘီယာတိုက်စစ်မှူး ဂျိမ်းရိုဒရီဂွက်ဇ်ကို ခေါ်ယူဖို့ ပြင်ဆင်နေသလို ချယ်လ်ဆီးအသင်းနည်းပြ ကွန်တီကလည်း ဂျိမ်းရိုဒရီဂွက်ဇ်ကို ခေါ်ယူဖို့ မော်ရင်ဟိုနဲ့ အပြိုင်ကြိုးပမ်းနေပါတယ်။ ဂျိမ်းရိုဒရီဂွက်ဇ်ဟာ ဘရာဇီးနိုင်ငံမှာ ကျင်းပခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ရွှေဖိနပ်ဆုရရှိခဲ့တာကြောင့် ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ ဂျိမ်းရိုဒရီဂွက်ဇ်ကို ပြင်သစ်ကလပ်မိုနာကို အသင်းကနေ ပေါင် ၆၃ သန်းအထိ အကုန်အကျခံပြီး ဝယ်ယူခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ရီးယဲလ်မက်ဒရစ် အသင်းအတွက် ကုန်ကျစရိတ်နဲ့ ပေးဆပ်မှုကမမျှခဲ့တဲ့အပြင် အခုနှစ်ဘောလုံးရာသီမှာလည်း ရီးယဲလ်မက်ဒရစ် အသင်းနဲ့အတူ ပုံမှန်ပွဲထွက်ကစားခွင့်ရရှိဖို့ ရုန်းကန်နေရတဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ အဲဒါကြောင့် ဂျိမ်းရိုဒရီဂွက်ဇ်အနေနဲ့ အသင်းကနေထွက်ခွာဖို့ အသင့်ရှိနေခဲ့ပါတယ်။ ဒါပေမယ့် အဲဒီလိုအသင်းပြောင်းဖို့ ကြိုးစားနေတဲ့ ကစားသမားကိုမှ အပြိုင်ခေါ်ယူဖို့ကြိုးစားနေတယ်ဆိုတဲ့ နည်းပြကွန်တီကတော့ ခုနစ်ပွဲဆက် နိုင်ပွဲဆက်အောင်စွမ်းဆောင်နိုင်ခဲ့တဲ့ နည်းပြတစ်ဦးအတွက်တော့ လျှို့ဝှက်ချက်တစ်ခုတော့ ရှိနေမှာပါ။ မော်ရင်ဟိုကတော့ ဘင်ဖီကာနောက်ခံလူ လင်ဒီလော့ဖ်ဟာ ဇန်နဝါရီအပြောင်းအရွှေ့အတွက် ပထမဦးစားပေးခေါ်ယူမယ့် ကစားသမားလို့ ဆိုခဲ့ပါတယ်။



# မန္တလေးတောင်ခြေ တောင်ဘက်စောင်းတန်းမှ ခြင်္သေ့ကြီး နှစ်ကောင်ကို ပြန်လည်မွမ်းမံခြင်းများပြုလုပ်

**မန္တလေး နိုဝင်ဘာ ၂၉**
မန္တလေးတောင်ခြေ တောင်ဘက်စောင်းတန်းရှိ လက်ရာမြောက် မန္တလေးတောင်ဂုဏ်ဆောင်ခြင်္သေ့ကြီးနှစ်ကောင်ကို ဆေးသုတ်ခြင်းနှင့်အတူ ပြုပြင်မွမ်းမံခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မန္တလေးတောင်ရောက်သူတိုင်း ခြင်္သေ့ကြီးနှစ်ကောင်ကို သဘောကျမှတ်တမ်းယူလေ့ရှိသည်။ လက်ရာမြောက်ခြင်္သေ့ကြီးနှစ်ကောင်မှာ မန္တလေးတောင်သင်္ကေတ မန္တလေးသင်္ကေတတစ်ခုအဖြစ် တည်ရှိနေသည်။ ပြုပြင်မွမ်းမံခြင်းများနှင့်အတူ မန္တလေးတောင်ခြေရှိ ခြင်္သေ့ကြီးများကို တင့်တယ်လှပစွာ မြင်တွေ့ရတော့မည်ဖြစ်သည်။

မန္တလေးမြို့ရောက်ဘုရားဖူးများနှင့် နိုင်ငံတကာခရီးသွားဧည့်သည်များမှာ မန္တလေးတောင်တော်မြွေကြီးနှစ်ကောင်အထိ သွားရောက်လေ့ရှိသည်။ တောင်ပေါ်သို့ အများစုမှာ ကားများဖြင့်တက်ကာ မြွေကြီးနှစ်ကောင်တည်ရှိရာ ဆုတောင်းပြည့်ဘုရားဆီသို့ အဆင့်မြင့်ဓာတ်လှေကားတို့ဖြင့် တက်ရောက်ဖူးမြော်လေ့ရှိသည်။ မန္တလေးတောင်မှာ လေ့လာစရာ၊ ဖူးမြော်စရာများစွာရှိပြီး စိတ်ဝင်စားဖွယ်ရာ တောင်တစ်တောင်ပင်ဖြစ်သည်။ တောင်ဘက်နှစ်စီးပြိုင် ခြင်္သေ့ကြီးမှသည် စက်တော်ရာပါဒစေတီနှစ်ဆူ၊ သမ္ဗုဒ္ဓေမြတ်စွာဘုရား၊ လွှမ်းစေတီဘုရား၊ ကုသိန္နာရုံအင်ကြင်းတောဘုရား၊ ပြည်လုံးချမ်းသာဘုရား၊ စိုင်တမော့ဘုရား၊ ဗျာဒိတ်ပေးဘုရား၊ မြတ်စောညီနောင်ဘုရား၊ ခြင်္သေ့မင်းစေတီဘုရား၊ ဆင်မင်းစေတီဘုရား၊ ဆတ်မင်းစေတီဘုရား၊ ကြက်မင်းစေတီဘုရား၊ ငုံးမင်းစေတီဘုရား၊ ဖွတ်မင်းစေတီဘုရား၊ ဘီလူးမစေတီဘုရား၊ ဆုတောင်းပြည့်စေတီဘုရား၊ မြွေကြီးနှစ်ကောင်၊ ဓာတ်တော်တောင်ဘုရား၊ စွယ်တော်တိုက်ဘုရားနှင့် အခြားလေ့လာစရာများစွာရှိပြီး စိတ်ဝင်စားစရာတောင်တော်ပင်ဖြစ်သည်။

တောင်တော်စိမ်းလန်းစိုပြည်ရေးများကို အလေးထားလုပ်ဆောင်ထားသလို အဆောက်အအုံစောင်းတန်းများကိုလည်း ဆေးသုတ်ခြင်း၊ ပြန်လည်မွမ်းမံခြင်းများနှင့် အခြားပြုပြင်စရာများစွာကို နှစ်စဉ်ပြင်ဆင်လာခဲ့သည်။ မန္တလေးတောင်တော်ရောက် ဘုရားဖူးများနှင့် နိုင်ငံတကာခရီးသွားများမှာ တောင်တော်ပေါ်မှ နေဝင်ဆည်းဆာအလှရှုခင်းကြည့်ရှုခြင်းများ၊ မန္တလေးတောင်ပေါ်မှ မန္တလေးမြို့အလှကို ကြည့်ရှုရမှုကို သဘောကျလေ့ရှိသည်။ လက်ရှိကာလတွင် ဆေးသုတ်ပြုပြင် မွမ်းမံထားသော ခြင်္သေ့ကြီးများကိုလည်း လှပတင့်တယ်စွာ မြင်တွေ့ရတော့မည်ဖြစ်သည်။ **နွေနဒီ**

## မောက်မယ်-ဟိုနမ့်-ပွန်ချောင်း-ဆိုက်ခေါင်လမ်းများ ကတ္တရာလမ်းခင်းခြင်း ကွင်းဆင်းစစ်ဆေး



**မောက်မယ် နိုဝင်ဘာ ၂၉**
ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး လူမှုဘဝတိုးတက်မြင့်မားစေရန်ရည်ရွယ်၍ ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်း နိုဝင်ဘာ ၂၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

လင်းခေးခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်ဦးဆောင်သော ခရိုင်လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်၊ လမ်းဦးစီးဌာနမှ မြို့နယ်အင်ဂျင်နီယာ၊ ဦးစီးအရာရှိ (မြို့ပြ) ဦးဝေဖြိုးလင်းတို့နှင့်အတူ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မောက်မယ်-ဟိုနမ့်ကျေးရွာအထိ လမ်းများထပ်မံတိုးချဲ့သည့်လုပ်ငန်းများနှင့် ဟိုနမ့်မှ ပွန်ချောင်းအထိ ကျန်ရှိနေသော ၁၁ မိုင် ၄ ဖာလုံ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းတို့အား ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

အဆိုပါလမ်းများပြီးစီးသွားပါက နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးရွာနေတိုင်းရင်းသားလုပ်သားပြည်သူများ ခရီးသွားလာမှု အဆင်ပြေချောမွေ့ပြီး မောက်မယ်မှတောင်ကြီးအထိ မိုင် ၅၀ ကျော်သက်သာမည်ဖြစ်ကြောင်း သိရသည်။ ဟိုမိန်း-မောက်မယ်-ဟိုနမ့်-ဆိုက်ခေါင်-ကျောက်တလုံး-ပင်လောင်း-နေပြည်တော်အထိ တစ်ရက်တည်းသွားလာနိုင်မည်ဖြစ်ပြီး လာမည့်မတ်လတွင် ခင်းကျင်းပြီးစီးမည်ဖြစ်သည်။ **စိုင်းမျိုးသန့်(ပြန်/ဆက်)**

## ခရမ်းမြို့နယ်တွင် ကျေးရွာစီမံချက်ရေးဆွဲခြင်းသင်တန်း (၇/၂၀၁၆) သင်တန်းဖွင့်လှစ်

**ခရမ်း နိုဝင်ဘာ ၂၉**
ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ရုံးမှ ကျေးရွာများဖွံ့ဖြိုးတိုးတက်စေရေး အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာပြီး ဆင်းရဲနွမ်းပါးမှုလျော့နည်းစေရေး မိမိကျေးရွာဖွံ့ဖြိုးတိုးတက်ရန် ကျေးရွာသူ၊ ရွာသားများ ပူးပေါင်းပါဝင် ဝိုင်းဝန်းဆောင်ရွက်တတ်စေ၍ စာရင်းဇယားများ တိကျစေရေးအတွက် ကျေးရွာစီမံချက်ရေးဆွဲခြင်းသင်တန်း ၇/၂၀၁၆ ကို နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ခရမ်းမြို့နယ် သပြုကန်ကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ ခရမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးစတင်မျိုးလွင်က ကျေးရွာစီမံချက်ရေးဆွဲခြင်းသင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ခရမ်းမြို့နယ် သပြုကန်ကျေးရွာနှင့် ဆက်စပ်ကျေးရွာ ၁၈ ရွာတို့မှ ကျေးရွာတစ်ရွာလျှင် နှစ်ဦးကျဖြင့် သင်တန်းသား၊ သင်တန်းသူ ၃၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ လေးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်ပြီးပါက အဆိုပါသင်တန်းသား၊ သင်တန်းသူများနှင့် ကျေးရွာသူ၊ ရွာသားများပူးပေါင်း၍ မိမိကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များကို ရေးဆွဲဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

## တာဝန်သိစီးပွားရေးလုပ်ငန်းအလေ့အကျင့်များဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၂၉**
မွန်ပြည်နယ် မော်လမြိုင်မြို့တွင် တာဝန်သိစီးပွားရေးလုပ်ငန်းအလေ့အကျင့်များဆိုင်ရာဆွေးနွေးပွဲကို နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီခန့်က ရာမညဟိုတယ်ခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ဦးကျော်စံဝင်းက မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာ၌ စိန်ခေါ်မှုများရှိနေသည့် အနေအထားတစ်ရပ်တွင် တည်ရှိဆဲဖြစ်ကြောင်း၊ တာဝန်ယူမှုမရှိသည့် စီးပွားရေးလုပ်ကိုင်မှုများအပေါ် အငြင်းပွားဖွယ်များကို တာဝန်ယူမှုရှိသည့် စီးပွားရေးလုပ်ငန်းနည်းစနစ်များ၊ နည်းလမ်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ဦးဝေဖြိုးမြင့်က တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း စိန်ခေါ်မှုများကို ဖော်ထုတ်ရန်လိုအပ်ချက်များ၊ နိုင်ငံတကာစံနှုန်းများ၊ ကုလသမဂ္ဂမှ ချမှတ်ထားသော စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ဦးအောင်ကျော်စိုးက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ပတ်ဝန်းကျင်ဆန်းစစ်လေ့လာချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့် လုပ်ငန်းရှင်များက စီးပွားရေးလုပ်ငန်းကဏ္ဍတွင် စိန်ခေါ်မှု၊ ရင်ဆိုင်ကြုံတွေ့နေရသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေများကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## သံဖြူဇရပ်မြို့တွင် လူထုစုပေါင်းစက်ဘီးစီးပွဲ (ဒုတိယလ)ဆင်နွှဲ

**သံဖြူဇရပ် နိုဝင်ဘာ ၂၉**
သံဖြူဇရပ်မြို့နယ် စက်ဘီးဆပ်ကော်မတီမှကြီးမှူး၍ လူထုစုပေါင်းစက်ဘီးစီးပွဲ (ဒုတိယလ)အဖြစ် နိုဝင်ဘာ ၂၇ ရက် ညနေ ၃ နာရီက မြို့နယ်အားကစားကွင်းမှ စက်စဲကျေးရွာပင်လယ်ကမ်းခြေအထိ အသွားအပြန်မိုင် ၂၀ ခရီးကို စုပေါင်းစီးနင်းကြရာ အမျိုးသား၊ အမျိုးသမီးများနှင့် အသက် ၁၃ နှစ်အရွယ်အငယ်တန်း အပါအဝင် မြို့နယ်အတွင်းမှ စက်ဘီးဝါသနာရှင် ၁၃၀ ဦးခန့်သည် Mountain Bike စက်ဘီးများဖြင့် ပါဝင်စီးနင်းခဲ့ကြောင်း သိရသည်။

သံဖြူဇရပ်မြို့နယ် စက်ဘီးဆပ်ကော်မတီအနေဖြင့် စက်ဘီးအားကစားသမားများပေါ်ထွက်လာစေရေးကို ရည်ရွယ်၍ လစဉ် လူထုစုပေါင်းစက်ဘီးစီးပွဲကို ကျင်းပသွားမည်ဖြစ်သည်။ **ကျော်ဝင်း(ပြန်/ဆက်)**





မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့ မြို့မဈေးကြီးတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်တာဝန်ရှိသူများက အများပြည်သူများသို့ရောင်းချသော ဆားများအားလုံးတွင် အိုင်အိုဒင်းဓာတ် သတ်မှတ်ပမာဏပြည့်မီစွာ ပါရှိရေးအတွက် နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သိန်းလွင်(အောင်လံ)**

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ဝယ်အရောက် ကွင်းဆင်းပေးအပ်

**ပင်လည်ဘူး နိုဝင်ဘာ ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၂၅ ရက်က ပင်လည်ဘူးမြို့နယ် မံစီလေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူး ဦးဉာဏ်သိန်းက နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ဆောင်ရွက်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးတို့က ကျောင်းသား၊ ကျောင်းသူ ၁၁၅ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မိချောင်းအင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ကျောင်းသား၊ ကျောင်းသူ ၂၄၅ ဦး၊ မြို့ပေါ်အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၄၉၉ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ဝယ်အရောက်ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **မျိုးလွင်(ပင်လည်ဘူး)**

## သမဝါယမ အရာထမ်းများ အထူးမွမ်းမံ သင်တန်းဆင်း

**ပုသိမ်ကြီး နိုဝင်ဘာ ၂၉**
သမဝါယမကောလိပ် (မန္တလေး) တွင် ဖွင့်လှစ်ခဲ့သော အရာထမ်းများ မွမ်းမံ သင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက်က အဆိုပါကောလိပ် ရန်ကင်းခန်းမ၌ ကျင်းပခဲ့သည်။

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်းနှင့် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းလှိုင်တို့က သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ သမဝါယမကောလိပ် (မန္တလေး) ကျောင်းအုပ်ကြီး ဒေါ်တင်မူအေး၊ ဒုတိယကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်အသီးသီးတို့မှ အရာထမ်း ၇၉ ဦးတို့တက်ရောက်ခဲ့ပြီး သင်တန်းကို နိုဝင်ဘာ ၇ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**ဇာနည်ကိုကို**

## ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေး ကျေးရွာချင်းဆက် လမ်းများ ကျောက်ချောလမ်းခင်း

**တောင်သာ နိုဝင်ဘာ ၂၉**
မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေများဖြင့် မြို့နယ်အတွင်း ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးအတွက် မကြီးကုန်း-ညောင်ကုန်း-ပန်းပေါင်း လမ်းကျောက်ချောခင်းခြင်းများကို တင်ဒါစနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၈ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ မကြီးကုန်း-ညောင်ကုန်း-ပန်းပေါင်းလမ်း ကျောက်ချောခင်းခြင်း (၁/၄) မိုင်လုပ်ငန်း (၀/၂) မိုင်နှင့် (၀/၃) မိုင်ကြား ၉ လက်မထု ကျောက်စီနေခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တောင်သာ(ပြန်/ဆက်)**

# ရာသီအလိုက်စိုက်ပျိုးရေးလုပ်ကိုင်ကြရသည့် တောင်သူများ သီးနှံဈေးကွက်အပြောင်းအလဲကြောင့် ခိုင်မာသောဈေးကွက် ရရှိနိုင်ရန်မျှော်လင့်



**ရေတာရှည် နိုဝင်ဘာ ၂၉**
မြန်မာနိုင်ငံအတွင်း ဆန်စပါးအပြင် အခြားသော သီးနှံများပါ ဈေးကွက်နေရာအခွင့်အလမ်း နည်းပါးလျက်ရှိသည့်အပြင် တည်ငြိမ်မှုမရှိသောဈေးနှုန်း ပြောင်းလဲမှု မြန်ဆန်လျက်ရှိရာ လက်ရှိ နှမ်း၊ မိုး၊ ဆောင်း သီးနှံများစိုက်ပျိုးရာတွင် မည်သည့်သီးနှံကို စိုက်ပျိုးရမည်ကို ရွေးချယ်ရခက်ခဲနေကြခြင်းဖြစ်ကြောင်း တောင်သူများအကြားတွင် သုံးသပ်ပြောကြားမှုများရှိနေသည်။

"စပါးစိုက်တော့လည်း ဈေးကမကောင်း။ ပဲတွေစိုက်တော့လည်း ဈေးကကျဆိုတော့ ဘာစိုက်ရမှန်းကို မသိတော့တာ။ ရှုံးရှုံးမြတ်မြတ်ဆိုပြီးတော့ ပဲကောစပါးပါစိုက်ထားတာ အကြွေးကျေရုံလောက်ရတယ်" ဟု ကုန်းကြီးကျေးရွာအုပ်စု အင်ကျင်းကုန်းကျေးရွာနေ တောင်သူတစ်ဦးကပြောသည်။

တောင်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် ပြည်ပဈေးကွက်ဝယ်လိုအားအပေါ်၌ တည်မှီလျက်ရှိရာ ဈေးကွက်အနေအထားကို ခန့်မှန်းရခက်ခဲနေခြင်းကြောင့်ပင် စိုက်ပျိုးရေးလုပ်ကိုင်သူများအနေဖြင့် အခက်အခဲများကြုံတွေ့နေကြရခြင်းဖြစ်ကြောင်း ၎င်းကဆက်၍ပြောသည်။

ကျေးလက်ဒေသမှထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးနှုန်းအရကျဆင်းနေသော်လည်း လက်ရှိဈေးကွက်မှ ပြန်လည်ဝယ်ယူသုံးစွဲနေကြရသည့် ကုန်ပစ္စည်းဈေးနှုန်း မြင့်မားလျက်ရှိနေ၍လည်း ဝင်ငွေနှင့်ထွက်ငွေအချိုးအစား ကွာခြားကာ စီးပွားရေးအရ အခက်အခဲများစွာဖြစ်ပေါ်နေကြရကြောင်း သုံးသပ်မှုများလည်းရှိနေသည်။

လက်ရှိအနေဖြင့် စပါးဈေးကျဆင်းလျက်ရှိရာတွင် ပြင်ပနိုင်ငံအသီးသီး၌ ဆန်စားသုံးမှုလျော့ကျလာသည့်အပြင် စားသုံးမှုပမာဏနှင့် ထုတ်လုပ်မှုအချိုးအစားကွာခြားခြင်းကြောင့် လက်ရှိစပါးဈေးနှုန်းမှာ ကျပ် ၄ သိန်းခွဲထက်မပိုနိုင်ကြောင်း ကျွမ်းကျင်သူအချို့က သုံးသပ်ပြောကြားလျက်ရှိပြီး ကျန်ရှိသော သီးနှံဈေးနှုန်းကောင်းမွန်ရန်မှာလည်း ပြည်ပဈေးကွက်ရရှိနိုင်မှုအပေါ် တည်မှီလျက်ရှိနေကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## အဆင့်မြင့်ရော်ဘာပြားထုတ်လုပ်ခြင်းသင်တန်းဖွင့်



**ရေး နိုဝင်ဘာ ၂၉**
မွန်ပြည်နယ် ရေးမြို့နယ်အတွင်းစိုက်ပျိုးထုတ်လုပ်သော ရော်ဘာများ အရည်အသွေးမြင့်ထုတ်လုပ်ရေး ရေရှည်အကျိုးဖြစ်ထွန်းရေးကိုရည်ရွယ်၍ အဆင့်မြင့်ရော်ဘာပြားထုတ်လုပ်ခြင်းသင်တန်း အမှတ်စဉ်(၂/၂၀၁၆) ကို နိုဝင်ဘာ ၂၈ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွန့်က အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ငွေးငွေးစန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားခဲ့သည်။

